


# ပြုံးသေအဖြစ်နဲ့ သေစေချင်တယ်

ဟောကြားသည့်နေ့

၂၇ - ၁၁ - ၆၀

(၁၄၈)

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၃၂)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# ပြုံးသေအဖြစ်နဲ့ သေစေချင်တယ်

ဟောကြားသည့်နေ့

(၂၇-၈-၆၀)

စာမူခွင့်ပြုချက်အမှတ် - ၁၇၂/၉၉ (၃)

**ထုတ်ဝေသူ** ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ပြုံးသေအဖြစ်နဲ့ သေစေချင်တယ်

## (အစေလ ကဿပ)

ဟောကြားသည့်နေ့ (၂၇-၁၁-၆၀)

ဒကာ ဒကာမတွေ သေရမှာကိုကြောက်တဲ့ပုဂ္ဂိုလ်လည်းရှိတယ်၊ မကြောက်တဲ့ပုဂ္ဂိုလ်လည်းရှိတယ်ဆိုတာ နှစ်မျိုးမှတ်ရမယ်. . . (မှန်ပါ့ဘုရား)။

## မကြောက်ဘဲနဲ့သေချင်တယ်

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက တပည့်တော်များဖြင့်ဘုရား၊ အကြိုက်ဆုံးပြောရမှာဖြင့် ခန္ဓာကိုယ်ရထား

လို့၊ သေမယ်ဆိုတာတော့ဖြင့် မချွတ်မလွဲသိပါတယ်။ သို့သော် လည်း မကြောက်ဘဲနဲ့ သေချင်တယ်လို့ဆိုတဲ့ အရေးဟာ လူတိုင်း တောင့်တတဲ့အရေးလို့ မှတ်ရမှာပဲ. . . (မှန်ပါ့ဘုရား)။

အဲဒီကဲ့သို့ လူတိုင်းတောင့်တတဲ့အရေးကို ဒကာ ဒကာမ တို့ ဘုန်းကြီးက ပြုံးသေမဲ့သေ နှစ်ပါးကို ရှင်းပြီး ပြလို့ရှိရင်ဖြင့် အင်မတန် အဖိုးတန်တဲ့အလုပ်ပါပဲ၊ မဲ့သေရလို့ရှိရင်ဖြင့် ကမ္မနိမိတ် စသည်တွေက တင်နေရလို့ ဆိုးဝါးတဲ့အဖြစ်ကြီးကို ကိုယ်ကိုယ် တိုင် မြင်ပြီးနေရလို့ အလွန်ကြောက်စရာကောင်းတဲ့ သေခြင်းမျိုး ပါကလားဆိုတာ ပေါ်လာတယ်. . . (မှန်ပါ့ဘုရား)။

## ပြုံးသေ မဲ့သေ

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ခန္ဓာကြီး ရထားတော့ သေရာသွားတယ်ဆိုတာ သိကြပါတယ်. . . (မှန် လှပါဘုရား)၊ သို့သော်လည်း ပြုံးသေမဲ့သေတို့တွင် ဘယ်ဟာ ကြိုက်သတုံးလို့မေးလို့ရှိရင်ဖြင့် တရားတစ်ပွဲလုံးက ပြုံးသေကြိုက် ပါတယ်ဘုရားလို့ လူတိုင်းပဲ ဖြေမှာပဲ. . .' (မှန်ပါ့ဘုရား)။

ဘာကြိုက်ကြသတုံး . . . (ပြုံးသေကြိုက်ပါတယ်ဘုရား)၊ ပြုံးသေကြိုက်တယ်ဆိုတာတော့ ထင်ရှားပါတယ်. . . (မှန်ပါ့ ဘုရား)။

အဲဒီတော့ ဇာဏုသောဏိပုဏ္ဏားက မေးတယ် အရှင်ဘုရား၊ လောကကြီးမှာ သေရမှာ မကြောက်တဲ့ပုဂ္ဂိုလ်တော့ ရှိမထင်ပါဘူးဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သေရမှာ မကြောက်တဲ့ပုဂ္ဂိုလ်ရှိတယ်၊ သေရမှာ ကြောက်တဲ့ပုဂ္ဂိုလ်ရှိတယ်လို့ ဘုရားက နှစ်မျိုးနှစ်စားထားပြီးသကာလ ဖြေကြားတာ၊ ဧကန်ရှိပြီးသကာလ နေသောကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဆရာကောင်း သမားကောင်းလမ်း လိုက်ကြလို့ရှိရင်ဖြင့် အကောင်းဆုံးပဲလို့ ဒကာသစ်တို့၊ ဒကာကြွယ်တို့၊ ဦးလှဘူးတို့ ဆုံးဖြတ်ချက်ချရမှာပဲ. . . (မှန်ပါ့ဘုရား)။

ဒါကြောင့် ဒီလမ်းနဲ့ ဒီစခန်း မလွဲတမ်းသွားရမှာဖြစ်ငြားသော်လည်း အကောင်းသွား၊ အဆိုးသွားဆိုတာ နှစ်ဌာနရှိပြီးသကာလနေသောကြောင့် ပြုံးသေအဖြစ်ကိုပဲ တပည့်တော်တို့ တရားတစ်ပွဲလုံး ကြိုက်ပါတော့တယ်ဆိုတာကိုဖြင့် ဒကာ ဒကာမတို့ လူတိုင်း၏နှစ်သက်တဲ့အလုပ်၊ ဆန္ဒရှိတဲ့အလုပ်၊ ပြင်းပြတဲ့အလုပ်၊ အကြိုက်ဆုံးအလုပ်ဆိုတာ ဦးလှဘူး ငြင်းဖို့လိုသေးသလား. . . (မလိုပါဘုရား)။

## ဝိပဿနာမလုပ်ရင် မှဲ့သေများတယ်

အဲဒါကြောင့် ဒီလိုပဲ ရှင်းပြီးသကာလ ပြပါတယ်၊ ဝိပဿနာအလုပ် မလုပ်သေးတဲ့ပုဂ္ဂိုလ်များအတွက်ဖြင့် များသော

အားဖြင့် မဲ့သေ များကြတယ်နော်. . . (မှန်ပါ့)၊ ဝိပဿနာအလုပ် လုပ်ပြီးသား ပုဂ္ဂိုလ်များကျတော့ ပြုံးသေပဲများတယ်. . . (မှန်ပါ့)။

ဝိပဿနာ မလုပ်သေးတဲ့ပုဂ္ဂိုလ်များ. . . (မဲ့သေများပါ တယ်)၊ ဝိပဿနာလုပ်ပြီးသားပုဂ္ဂိုလ်များ. . . (ပြုံးသေ များပါ တယ်ဘုရား)။

အဲဒါကြောင့် ဆရာဘုန်းကြီးသည် တို့ပြုံးသေအဖြစ်ကို ကယ်တင်နေတဲ့ဥစ္စာသည် ဝိပဿနာအလုပ်ကို တိုက်တွန်းတယ် ဆိုတာ သာမညစေတနာနဲ့ တိုက်တွန်းတယ်လို့ ဒီလိုမယူဘဲနဲ့ ပြုံးသေအဖြစ် ကြိုက်ရှာလွန်းလို့ပါကလား. . . (မှန်ပါ့ဘုရား)။

## ပြုံးသေဖြစ်စေချင်လို့

ဒကာ ဒကာမတို့ ဝိပဿနာအလုပ်ကို ကြိုးစားလုပ်ကြ ပါဆိုတာ ဘယ်အဖြစ်ကို ခင်ဗျားတို့ကို ဆရာဘုန်းကြီး အလိုရှိ တယ်ဆိုတာ ပေါ်ရောပေ့ါဗျာ. . . (မှန်ပါ့)၊ ဘာအလိုရှိပါလိမ့် . . . (ပြုံးသေအဖြစ်ကို လိုချင်လို့ပါဘုရား)၊ ပြုံးသေဖြစ်စေချင်လို့ ဆိုတာ ဒကာ ဒကာမတွေ ရှင်းရှင်းလင်းလင်းမှတ်ထားတော့၊ ပြုံးသေဆိုတာမျိုးဟာ ကိုယ့်ခန္ဓာကြီး ယခု သေတာမြင်နေလို့ရှိ ရင် နောက်သေတာ ကြောက်ရဲ့လား. . . (မကြောက်ပါဘုရား)။

ဒါဟာ ထုံးစံပဲဆိုပြီးသကာလ ဒီ ခန္ဓာကြီးကို စွန့်ရလို့ ရှိရင်ဖြင့် အသေကောင်းစွန့်ရတာဖြစ်လေသောကြောင့် မသေရာ

ကို တို့သည်ကားလို့ဆိုရင်ဖြင့် ရောက်အောင်သွားမှပဲဆိုတော့ ဝိပဿနာရှုထားတဲ့ပုဂ္ဂိုလ်များကျတော့ အသေနဲ့ခွဲရာမှ အသေနဲ့ ကွဲရမှာဆိုတာ ရှင်းပြီးသားဖြစ်တယ်. . . (မှန်ပါ့)။

အသေနဲ့ခွဲပြီး မသေတာဘဲ တွဲရမှာပဲဆိုတော့ သူ့ အတွက် သေခါနီးပြုံးလိမ့်မလား၊ မပြုံးလိမ့်ဘူးလားဆိုတာ တရား တစ်ပွဲလုံးကလည်း စဉ်းစားခန်းထုတ်လို့ရှိရင်ဖြင့် ပြုံးသေဘက်ကို ဒီပုဂ္ဂိုလ်ရောက်သင့်ပါတယ်ဘုရားဆိုတာ ဒကာ ဒကာမတွေ ဆုံး ဖြတ်ချက်ချမယ်. . . (မှန်ပါ့ဘုရား)။

## ဝိပဿနာလုပ်ထားကြပါ

မသေခင်ကတည်းက ဝိပဿနာဉာဏ်နဲ့ ခဏခဏ ခန္ဓာ သေနေတော့ သေတတ်တာကြီးနဲ့ အတူနေရတာကို ရှင်းနေ တော့ ဝိပဿနာလမ်းဆုံ မဂ်ဉာဏ်ထိအောင် လမ်းဆုံးပုဂ္ဂိုလ် များကျတော့ အသေနဲ့ခွဲရမှာကို မပြုံးပေဘူးလား၊ ပြုံးမလား. . . (ပြုံးပါတယ်ဘုရား)။

ဝိပဿနာအလုပ်ကို လုပ်မထားတဲ့ပုဂ္ဂိုလ်များကျတော့ အသေက နဂိုက ကိုယ့်ခန္ဓာကြီး ခဏခဏသေတဲ့ ဖြစ်ပျက်မှုကြီး ကို မမြင်ဘူးတော့ ဒကာကြွယ်ရေ အခုမှပဲ ဒီခန္ဓာကြီး စွန့်ရတော့ မယ်၊ မခွဲချင်တဲ့ခန္ဓာကြီးနဲ့ ခွဲရတော့မယ်၊ မခွဲချင်တဲ့ပစ္စည်းတွေနဲ့ ခွဲရတော့မယ်ဆိုတော့ ခန္ဓာခင်တာတစ်မျိုး၊ သားတွေသမီးတွေ

အတွက် ခင်တာကတစ်မျိုးဖြစ်နေတော့၊ ဝိပဿနာမလုပ်ဘူးတဲ့ ပုဂ္ဂိုလ်များကျတော့ အခွဲကြီးခွဲရတော့မှာပဲ၊ မည်သူမျှ မတတ်နိုင်ကြတော့ဘူးလား၊ ကျုပ်ဖြင့် ကိုယ်ကျိုးနည်းပါပေါ့ဆိုပြီး မှဲ့သေတယ်. . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ ဝိပဿနာမရှုနဲ့ပုဂ္ဂိုလ်ဟာ ဘယ်လိုသေပါလိမ့်. . . (မှဲ့သေပါတယ်ဘုရား)၊ ဝိပဿနာရှုပြီးသားပုဂ္ဂိုလ်ကတော့ ပြုံးပြီးသကာလ နဂိုအသေတွေမြင်ရတော့ အသေနဲ့ခွဲရမှာဖြစ်နေတော့ အသေကြီးနဲ့မနေချင်၊ မသေရာကိုသာ ရောက်လိုတဲ့ပုဂ္ဂိုလ်များကျတော့ ဒကာ ဒကာမတို့ ဝဋ်ကျွတ်ပဟာနေ်ဆိုပြီး မပြုံးပေဘူးလား. . . (ပြုံးပါတယ်ဘုရား)။

အဲဒါကြောင့် ဝိပဿနာအလုပ်သာလျှင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို ပြုံးသေအဖြစ်နဲ့ကျေးဇူးပြုနိုင်ပါတယ်. . . (မှန်ပါ့ဘုရား)။

ဒါကြောင့် ဒကာသစ်တို့ကို တိုက်တွန်းရတယ်၊ ဒကာကြွယ်တို့၊ ဦးလှဘူးတို့ တိုက်တွန်းရတယ်၊ ခင်ဗျားတို့တွေ့ရမယ့်လမ်း အလုပ်လက်မဲ့နဲ့ သေသွားရင်ဖြင့် မှဲ့သေကြီးနဲ့သွားလို့ရှိရင် မှဲ့တယ်ဆိုတာ ဒေါသပေါ့ဗျာ. . . (မှန်ပါ့)၊ ဒေါသနဲ့သေတော့ အပါယ်ငရဲသွားရလိမ့်မယ်၊ လောဘနဲ့သွားတော့ ပြိတ္တာသွားရလိမ့်မယ်၊ မောဟနဲ့သေတော့ တိရစ္ဆာန် ဘုံသွားရလိမ့်မယ်လို့ များသောအားဖြင့် ဒီအတိုင်းရှိနေတယ် . . . (မှန်ပါ့)။

## ပြုံးသေအဖြစ်နဲ့ သေစေချင်တယ်

ဒါကြောင့် ဒကာ ဒကာမတို့ ဝိပဿနာအရှုခိုင်းတာ၊ ဒကာ ဒကာမတွေ ဘယ်အကျိုးငှာလဲဆိုတဲ့ဥစ္စာ သိကြတော့မှ ဩော်. . . တို့ဆရာဘုန်းကြီးသည် တို့ကို ပြုံးသေအဖြစ်နဲ့ သေစေချင်တာဟာ သေသည့်တိုင်အောင် စောင့်ရှောက်ပါကလားဆိုတာ ဒကာကြွယ်တို့ပေါ်လာတယ်. . . (ပေါ်လာပါတယ်ဘုရား)။

## သေခါနီးလေ ပြုံးလေလေ

ဒါတွေသိရတော့မှ ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တဆိုတဲ့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးလည်း ပေါ်လာ၊ ဘုရားဟောတော်မူတဲ့ တရားတော်တွေလည်း ပေါ်လာ၊ ဆရာသမား၏ အာစရိယဂုဏော အနန္တောဆိုတာတွေလည်း အလုံးစုံအကုန်ပေါ်လာတော့မှ **သေခါနီးလေလေ ပြုံးလေလေ**ဆိုတာ ဒကာသစ် မလာပေဘူးလား. . . (လာပါတယ်ဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေသည် သေရမည့်လမ်းကို မလွှဲတမ်းသွားရမည်ဖြစ်ငြားသော်လည်း ပြုံးသေမဲ့သေ နှစ်ခုရှိသေးသကိုးဆိုတာ ခုနကပြောခဲ့တဲ့ ဇာဏုသောဏိတို့ မေးတဲ့အမေးတွေ ထောက်ကြည့်တော့မှ ဩော်. . . ဝိပဿနာ မလုပ်ရင် မဲ့သေပါကလား. . . (မှန်ပါ့)၊ ဝိပဿနာလုပ်ရင်. . . (ပြုံးသေပါဘုရား)။

## ပြုံးလောက်တဲ့အလုပ် လုပ်ထားမှ

အဲဒီတော့ ဒီလမ်းကလည်းမလွှတ်တမ်းသွားရမှာဖြစ်နေတော့ ဒကာ ဒကာမတို့ ပြုံးတာအကောင်းဆုံးပါပဲ. . . (မှန်ပါ့ဘုရား)၊ ဦးလှဘူး ဘာအကောင်းဆုံးတုံး. . . (ပြုံးသေအကောင်းဆုံးပါဘုရား)၊ ပြုံးသေအကောင်းဆုံးဆိုတာလည်း စောစောစီးစီးက ပြုံးလောက်တဲ့အလုပ်ကို လုပ်ထားမှ ပြုံးသေဖြစ်မယ်. . . (မှန်ပါ့ဘုရား)၊

ဒါကြောင့် ဝိပဿနာကို ဘယ်အချိန်မှ နှောင့်နှေးပြီး သကာလ မနေနဲ့၊ ဒီအလုပ်ဟာ အမြဲလုပ်ရမယ့်အလုပ်. . . (မှန်ပါ့)၊ ဘာကြောင့်တုံးလို့မေးတဲ့အခါကျတော့ ပြုံးသေကို ကိုယ်ပိုင်ရှိဖို့လုပ်နေရတဲ့ ကိုယ့်အကျိုးပါကလားဆိုတာ ပေါ် မလာဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ ပြုံးသေနဲ့ သေချင်လို့ရှိရင် ဘာလုပ်ရမှာလဲ. . . (ဝိပဿနာလုပ်ရမှာဘုရား)၊ ဝိပဿနာလုပ်ရလိမ့်မယ် ဒကာ ဒကာမတို့၊ ဝိပဿနာဆိုတာ 'ဝိသေသေနပဿတီတိ ဝိပဿနာ' ဆိုတဲ့အတိုင်း ခန္ဓာကိုယ်ထဲမှာ မိမိတို့၏ ရုပ်နာမ်ဓမ္မတွေ၏ ခဏခဏပြောင်းလွဲ သေပွဲဝင်နေတာကို မြင်အောင်ကြည့်ရလိမ့်မယ်. . . (မှန်ပါ့)။

## ရှေးဦးစွာအသက်မှန်မှန်ရှူ

ပြောင်းလွဲသေပွဲဝင်နေတာကို မြင်အောင်ကြည့်လိုက်တဲ့အခါကျတော့ ဒကာ ဒကာမတွေ ဘုန်းကြီးကလည်း ကရုဏာပိုပိုနဲ့ ဘယ်လိုမြင်ကြပါလိမ့်မလဲလို့ မေးခွန်းထုတ်ချင်တဲ့ ပုဂ္ဂိုလ်တွေလည်း ဒီအထဲမှာတစ်ပုံကြီးပါကြမှာပဲ. . . (မှန်ပါ့)၊ ပါတဲ့အခါကျလို့ရှိရင်ဖြင့် ရှေးဦးစွာ ဘယ်မှအာရုံမသွားဘဲနဲ့ အသက်ကလေးမှန်မှန်ရှူတာပေါ့ဗျာ. . . (မှန်ပါ့)။

လေကလေး ပြင်ဘက်ထွက်လာတာလည်း သိလိုက်၊ ဒလကလေး ပြန်ဝင်လာတာလည်း သိလိုက်၊ ဤကဲ့သို့ သိရာကမှ ဟိုနေရာကယားသလိုလို၊ ဒီနေရာက နာသလိုလိုဟာကလေး၊ ကုဋ္ဌိကျင်ငယ်ပဲ သွားချင်သလိုလိုနဲ့ ဒါကလေးတွေက ထူးထူးဆန်းဆန်းပေါ်မလာဘူးလား. . . (ပေါ်လာပါတယ်)၊ ရှူရှင်းရှိုက်ရင်းကြားထဲက ဒါကလေး အထူးပေါ်လာလို့ရှိရင် ဒါကလေးကိုဉာဏ်လှည့်လိုက်ရင် ဝိပဿနာပါပဲ. . . (မှန်ပါ့)။

## ဝိပဿနာဆိုတာ

ဩော်. . . ဝိပဿနာဆိုတာက နာတယ်ဆိုရင် နာတဲ့နေရာမှာကြည့်လိုက်ရင် ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း နာတဲ့ခန္ဓာက မရှိဘူး. . . (မှန်ပါ့)၊ နာခန္ဓာမရှိတော့ နာတဲ့ခန္ဓာမရှိတာက အနိစ္စ အနိစ္စမှန်းသိတာက မဂ္ဂဖြစ်သွားတယ်. . . (မှန်ပါ့)။

ယားတယ်ဆိုရင် ယားတဲ့နေရာကို လိုက်လိုက်ပေတော့ . . . (မှန်ပါ့)၊ ယားတဲ့နေရာ ဉာဏ်ကလေးနဲ့ လှည့်လိုက်တဲ့အခါ ကျတော့ ယားတာကလေးကလည်း မရှိတော့ဘူး. . . (မှန်ပါ့)၊ မရှိတော့ မရှိတာက အနိစ္စ၊ သိတာက မဂ္ဂနဲ့သွားကိုက်ပါရော . . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒီအထဲက ကုဋီသွားချင်တဲ့စိတ်ကလေး ပေါ်လာတယ်၊ ဒီစိတ်ကလေးကိုပဲ ဒကာကြွယ်တို့၊ ဒကာသစ်တို့က လိုက်ရလိမ့် မယ်. . . (မှန်ပါ့)၊ လိုက်လိုက်သည်နဲ့ တစ်ပြိုင်နက်တည်း လိုက်တဲ့ စိတ်လာရင် ခုနင်က ကုဋီသွားချင်တဲ့ စိတ်ကလေး ရှိပါဦးမလား . . . . (မရှိပါဘုရား)၊ မရှိတာ ဘာခေါ်ကြမယ်. . . (အနိစ္စပါ ဘုရား)၊ သိတာသည်. . . (မဂ္ဂပါဘုရား)၊ မဂ်က ဝိပဿနာသွား ဖြစ်တယ်. . . (မှန်ပါဘုရား)။

မဂ်က ဘာသွားဖြစ်ပါလိမ့်. . . (ဝိပဿနာသွားဖြစ် ပါတယ်)၊ သဘောကျပလား. . . (ကျပါပြီ)၊ ဩော်. . . ဒါဖြင့် ဝိပဿနာဆိုတာ တခြားလား အောက်မေ့နေတယ်၊ တို့ခန္ဓာထဲ က တစ်မျိုးမျိုးပေါ်လာတာ ဉာဏ်လိုက် ရှုတာပါပဲလားလို့ မှတ်လိုက်တာပေါ့. . . (မှန်ပါ့)။

## ထိုင်ရင်းလဲ ဝိပဿနာရှု

ခန္ဓာထဲက အမျိုးမျိုးပေါ်လာတာကို. (ဉာဏ်လိုက်

ရုံပါဘုရား)၊ ဉာဏ်လိုက်ရှုလို့ရှိရင်ဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ထိုင်ရင်းလဲ ဝိပဿနာ၊ သွားရင်းလဲ ဝိပဿနာ၊ စားရင်းလဲ ဝိပဿနာ၊ ဉာဏ်တွေက အမျိုးမျိုးများလာတဲ့အခါကျ တော့ ခန္ဓာကြီးက တစ်ခါတည်း ဟိုနေရာကလဲ အသေပြ၊ ဒီနေ ရာကလဲ အသေပြ၊ ခန္ဓာကြီးက ဘာတွေချည့်ပြမယ်ထင်ကြသတုံး . . . (အသေတွေချည့် ပြပါတယ်ဘုရား)၊ အသေတွေချည့်ပြနေ တော့ နဂိုအသေတွေ ထင်ရှားတယ်. . . (မှန်ပါ့)။

ဘယ်လိုထင်ရှားသတုံး. . . (နဂိုအသေတွေ ထင်ရှားပါ တယ်ဘုရား)၊ နဂိုအသေတွေထင်ရှားပါတယ်၊ ယားတာကလေး ဟာ ယားတဲ့ ဝေဒနာက္ခန္ဓာသေတာပဲ. . . (မှန်ပါ့)၊ ကုဋီကျင်ငယ် သွားချင်တဲ့ စိတ်ကလေး၏ ပျက်စီးမှုဟာ ကုဋီကျင်ငယ်သွားတဲ့ ပုဂ္ဂိုလ်၏ သေပွဲပဲ. . . (မှန်ပါ့)၊ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါ တယ်ဘုရား)။

ဒါတွေသိနေတော့ ဩော်. . . ခဏခဏသေတာတွေ မြင်ရတော့ သေတာဆိုတာ တခြားလားမှတ်တယ်၊ ဒုက္ခသစ္စာ ပါကလား၊ သတ္တဝါတွေကို ညှာတာမဖက် အမြဲနှိပ်စက်နေတယ်၊ ပုဂ္ဂိုလ်ကို နှိပ်စက်နေတဲ့ ဒုက္ခသစ္စာတွေဟာ ခန္ဓာကိုယ်ကို ဟိုက ပေါ်လိုက်၊ ဒီကပေါ်လိုက်ပါကလားလို့ မလာပေဘူးလား. . . (လာပါတယ်ဘုရား)။

## အသေကောင်ကြီးရထားတာ

အဲဒီကဲ့သို့ လာတဲ့အခါကျလို့ရှိရင်. . . 'ဒုက္ခသစ္စာ' ဆိုတဲ့အတိုင်း ခန္ဓာကိုယ်ထဲမှာ, နေရာတိုင်းမှာ အနိစ္စတွေ ဖြစ်နေတော့ အသေကောင်ကြီး ရထားတာပါကလား. . . (မှန်ပါ)။

အသေကောင်ကြီး ရထားတာပါကလားလို့ ပေါ်လာတဲ့ အခါကျတော့ ဒါတွေချည့်ပဲ ဆရာသမားက ဟောတော့ နေ့တိုင်း လိုလို ဒကာ ဒကာမတွေက အသက်ကလေး မှန်မှန်ရှူရင်း ကြည့် လိုက်၊ ကြည့်လိုက်ရင်း မတ္တနဲ့ကြားကနေ အသေကောင်တွေက ပေါ်တော့ ဩော်. . . ဒီအသေကောင်တွေသည်ကားလို့ဆိုရင် တခြားမှာရှိသလား အောက်မေ့နေတယ်၊ ဒီခန္ဓာကြီး အစားထိုး နေသေးလို့သာလျှင် မသေတာပါကလား. . . (မှန်ပါ)၊ ရှေ့ပိုင်း ကတော့ သေလျက်ပဲ အစားထိုးတာကလေးနဲ့ အသက်ရှင်နေ တယ်. . . (မှန်ပါဘုရား)။

ရှေ့ပိုင်းကတော့. . . (သေလျက်ပါဘုရား)၊ ဘာနဲ့ အသက်ရှင်နေသလဲ. . . (အစားထိုးကလေးနဲ့ အသက်ရှင်နေပါ တယ်ဘုရား)၊ ဒီအစားထိုးတာလေး သေသွားပြန်တော့ ဘာနဲ့ အသက်ပြန်ရှင်သတုံး. . . (အစားထိုးတာနဲ့ အသက်ရှင်ပါတယ် ဘုရား)။

နောက်အစားထိုးတာနဲ့ အသက်ရှင်နေရပြန်ပါတယ် ဆိုတာ ဒကာသစ်တို့၊ ဒကာကြွယ်တို့၊ ဦးလှဘူးတို့ သိထားတော့ ဩော်. . . ငါတို့ လူ့ဘဝမရစဘူး အရထူးတာဟာ လူ့ဘဝမှာ အကောင်းလားမှတ်တယ်၊ ခဏခဏအနှိပ်စက်ခံပြီး သေနေရတဲ့ ဒုက္ခသစ္စာကြီး ရထားတာပါကလားလို့ ဉာဏ်တွေ ရင့်ကျက်လာပါလိမ့်မယ်. . . (မှန်ပါ့ဘုရား)။

## ဘယ်တော့ အိုးစာကွဲပါ့မလဲ

ဉာဏ်တွေ ရင့်ကျက်လာတဲ့အခါကျတော့ ဒီဒုက္ခသစ္စာကြီးနဲ့ ဘယ်တော့များခွဲရပါ့မလဲ၊ ဒီဒုက္ခသစ္စာကြီးနဲ့ ဘယ်တော့ အိုးစားကွဲပါ့မလဲဆိုတဲ့ ဉာဏ်တွေက တက်မလာပေဘူးလား . . . (လာပါတယ်ဘုရား)။

အဲ. . . တက်လာတဲ့အခါကျတော့ ဒုက္ခသစ္စာသိလို့ ဉာဏ်ကလဲ အိုးစားကွဲချင်တဲ့ဉာဏ်က ပေါ်လာတယ်. . . (မှန်ပါ့)၊ ပေါ်လာသည်နဲ့တစ်ပြိုင်နက်တည်း ခန္ဓာတစ်ကိုယ်လုံးမှာ ဒုက္ခစက်ကြီးဟာ ပျောက်ထွက်သွားပါတယ်။

## နိဗ္ဗာန်အာရုံပြုတဲ့ဉာဏ်

*ဒုက္ခစက်ကြီး ပျောက်ထွက်သွားတဲ့အခါကျတော့ မသေ ခင်ဘဲ နောက် အစားထိုးတဲ့စိတ်က သိတယ်. . . (မှန်ပါ့)၊

ကြော် . . . ငါဖြင့် အသေကောင်နဲ့ အိုးစားကွဲပေါ့၊ မသေတဲ့နေရာကလည်း ဒီခန္ဓာမရှိတဲ့နေရာ မသေတာပါကလားဆိုတဲ့ နိဗ္ဗာန်အာရုံပြုတဲ့ဉာဏ် ချက်ချင်းဝင်လာတယ်. . . (မှန်ပါ့ဘုရား)။

နိဗ္ဗာန်အာရုံပြုတဲ့ဉာဏ် ချက်ချင်းဝင်လာပြီး သေတာတွေက ပျောက်သွားတော့ ကြော်. . . မသေတဲ့နေရာလည်း အရှိသားကိုး၊ ခန္ဓာမရှိတဲ့နေရာဟာ မသေတာဘဲ. . . (မှန်ပါ့)။

## မသေရာကိုကိုယ်တိုင်တွေ့မယ်

အဲဒီလို သိပြီးသကာလ ဖြစ်ပျက်တွေဆုံးအောင် လိုက်ပြီး ဒုက္ခသစ္စာတွေပါကလား၊ ဖြစ်ပျက်တွေပါကလားဆိုတာတွေ ဆုံးအောင် လိုက်လိုက်တဲ့အခါကျတော့မှ မသေရာကို ကိုယ်ကိုယ်တိုင်တွေ့ပါလိမ့်မယ်. . . (မှန်ပါ့ဘုရား)။

ဒကာကြွယ် ဘာတွေ့ပါလိမ့်. . . (မသေရာကို ကိုယ်ကိုယ်တိုင်တွေ့ပါတယ်ဘုရား)၊ မသေရာကို ကိုယ်ကိုယ်တိုင် တွေ့တဲ့အခါကျတော့ ဒီပုဂ္ဂိုလ်ဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရသွားပြီ ဆိုတာ ကိုယ်ကိုယ်တိုင် ဆုံးဖြတ်ချက်ချလိုက်တော့. . . (မှန်ပါ့)။

ဆုံးဖြတ်ချက်ချလိုက်တဲ့အခါကျတော့ အသက်တမ်းကလည်းစေ့လို့ ခန္ဓာလမ်းဆုံးကလည်း ရောက်ရတော့မည့် အခြေ

---

• မဂ်ဉာဏ်ပေါ်သည့်အခါ ဒုက္ခဖြစ်ပျက်မမြင်တော့ဘဲ ဖြစ်ပျက်ကင်းတဲ့နိဗ္ဗာန်မြင်လာသည်။

အနေပေါ် ပေါက်လာတဲ့အခါကျလို့ရှိရင်ဖြင့် ခန္ဓာကြီးအိပ်ရာ ညောင်စောင်းလျောင်းစက်ပြီး ဆေးဝါးတွေလည်း လက်လွှတ်ရတဲ့အချိန်၊ ရောက်လာတဲ့အချိန်ကျတော့ ဒကာ ဒကာမတွေ ခန္ဓာပြန်ကြည့်လိုက်ပါ။ ခန္ဓာပြန်ကြည့်တော့ ဝေဒနာတွေနဲ့ဆိုတော့ ပိုမိုမထင်ရှားလာဘူးလား. . . (ထင်ရှားလာပါတယ်ဘုရား)။

## အသေထည်ပျောက် မသေရာဉာဏ်ရောက်

ဟိုနေရာအသေပြလိုက်၊ ဒီနေရာအသေပြလိုက်နဲ့ အင်း. . . ပြချင်တိုင်းပြနေ၊ ဒီတစ်ခါတော့ မင်းကိုပဲ ရှုနေဦးမယ် ဆိုပြီး ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်ရင်းမတ္တနဲ့ပဲ နဂိုက အခုလို ကျန်းမာချမ်းသာစဉ်အခါက ရှုထားရင် သေခါနီးမှာ ရှုရင်လည်း ဒီခန္ဓာကြီးဟာ ပျောက်ထွက်သွားနိုင်တာပဲ. . . (မှန်ပါ့)၊ ပျောက်ထွက်သွားတဲ့အခါကျတော့မှ အသေထည်ကြီး မရှိဘူးဆိုပြီး အသေထည်ပျောက်ပြီး မသေရာရောက်သွားတယ်. . . (မှန်ပါ့)။

## ဖြစ်ပျက်မြင်မှသာ ပြုံးသေဖြစ်နိုင်တယ်

မသေရာဉာဏ်ရောက်သွားတော့ ဒကာ ဒကာမတို့ မသေခင်ကဘဲ ပြုံးမိတယ်၊ မသေခင်ကဘဲ အသေတွေဆုံးရာ မြင်တော့ ပြုံးပြီ. . . (မှန်ပါ့)၊ အဲ. . . ပြုံးပြီးသကာလ နေနိုင်စာ

ခန္ဓာမခင်, ပစ္စည်းမခင်၊ သားသမီးမခင်ဘဲနဲ့ ဖြစ်ပျက်မြင်တဲ့ ပုဂ္ဂိုလ်သာ ပြုံးသေဖြစ်နိုင်ပါတယ်. . . (မှန်ပါ့ဘုရား)၊ ဖြစ်ပျက်မြင်တဲ့ ပုဂ္ဂိုလ်သာလျှင်. . . (ပြုံးသေဖြစ်နိုင်ပါတယ်ဘုရား)။

ဘာမှ အလေ့အထကလည်းမရှိ၊ အကျင့်ဝါသနာကလည်း မပါ၊ အိမ်မှာ တော်အောင်နေပြီး တော်အောင်အချိန်ကုန်နေတဲ့ ပုဂ္ဂိုလ်တွေ ဖီးကာလိမ်းကာပျော်ရွှင်ကာနဲ့ သားဝတ်၊ လင်ဝတ်တွေပြုပြီးသကာလ အလကားအချိန်ဖြုန်းနေတဲ့ ပုဂ္ဂိုလ်တွေကျတော့ ဖျတ်ဆို ဝေဒနာကရောက်ပြီး သေရာလမ်းသွားရတော့မယ်၊ သေရာလမ်းသွားရတော့မယ်ဆိုတဲ့အခါကျတော့ ဒီသားသမီး စိတ်မချ၊ ဒီပစ္စည်းစိတ်မချ၊ ဒီခန္ဓာကြီးနဲ့ပဲ ခွဲရမှာ စိုးရိမ်တော့ မဲ့လာတာပဲ၊ မလာပေဘူးလား. . . (လာပါတယ်ဘုရား)။

## မဲ့လာရင်အလိုမကျလို့ဘဲ

မဲ့လာတဲ့အခါကျတော့ ဒါဟာ ဘာ့ကြောင့်တုံး၊ အလိုမကျလို့ဘဲ. . . (မှန်ပါ့)၊ အလိုမကျတာ ဘာပါလိမ့်မတုံး၊ တရားကိုယ်ကောက်လိုက်တော့ ဒေါသ၊ ဒေါမနဿပဲ. . . (မှန်ပါ့)၊ ငရဲနိမိတ်တွေဝင်လာတော့ ငရဲမီးတွေကလည်း ဟုန်းဟုန်းတောက်ကာ သူကိုယ်တိုင်မြင်ရတော့ ဒကာ ဒကာမတို့ ဘယ်သူတားလို့ ဘယ်သူဆီးလို့ ရသေးရဲ့လား. . . (မရပါဘုရား)။

ဖျတ်ဆို စုတိစိတ်ကျပြီး အဲဒီဒယ်အိုးထဲ ဒီမီးလျှံထဲသွားပြီး ငရဲကောင်ကြီး ဥပပတ္တိပဋိသန္ဓေအဖြစ်နဲ့ သွားတည်ရတယ် . . . (မှန်ပါ့)၊ သွားတည်တာတော့ ဒကာ ဒကာမတို့ သေတုန်းက မဲ့သေလို့၊ ဟိုကျတော့ အော်ပြီးခံရတဲ့အဓိပ္ပါယ် မရောက်ပေဘူးလား. . . (ရောက်ပါတယ်ဘုရား)။

ဒါကြောင့် ဝိပဿနာမှုတစ်ပါး ဒကာ ဒကာမတို့ အားကိုးရာအစစ်၊ မင်္ဂဉာဏ်ကျေးဇူးပြုတဲ့ တရားအစစ်က သူသာလျှင် ရှိပြီးသကာလနေတဲ့အတွက် အသေကောင်းကို တကယ်တမ်းကြုံလို့ ပြုံးသေကို ခင်မင်ပါမူကား အခု စောစောစီးစီးက အသေကို မြင်အောင်လုပ်ထားပါ. . . (မှန်ပါ့ဘုရား)။

## စောစောက အသေကိုမြင်အောင်လုပ်ထား

အခု စောစောစီးစီး ဘာလုပ်ထားရမယ်. . . (အသေမြင်အောင်လုပ်ထားရပါ့မယ်ဘုရား)၊ အသေဆိုတာကယား၊ ယားတာကလေးပျောက်သွား ဝေဒနာက္ခန္ဓာသေတာပဲ. . . (မှန်ပါ့)၊ နာတာကလေး ပျက်စီးသွားရင်ကော. . . (ဝေဒနာက္ခန္ဓာသေတာပါဘုရား)၊ ဝေဒနာက္ခန္ဓာသေတယ်ဆိုတော့ ခန္ဓာကိုယ်က ဝေဒနာက္ခန္ဓာကိုး. . . (မှန်ပါ့)။

တစ်ခါ စားချင်တဲ့စိတ်ကလေးပေါ် လာတယ်၊ ဒါကလေးရှုကြည့်လိုက်တော့ ရှိသေးရဲ့လား. . . (မရှိပါဘုရား)၊ မရှိတော့ ဝိညာဏက္ခန္ဓာသေတာပါပဲ. . . (မှန်ပါ့ဘုရား)။

အဲဒီကဲ့သို့ ခန္ဓာကိုယ်ထဲမှာ ဝိပဿနာရှုဆိုတာက ဘာတုံးလို့မေးလို့ရှိရင် ရှေ့အသေကို နောက်အနေက ကြည့်တယ်လို့ မှတ်လိုက်စမ်း. . . (မှန်ပါ့)၊ နောက်အနေဆိုတာက အစားထိုးတဲ့ နောက်စိတ်ကကြည့်တယ်. . . (မှန်ပါ့)၊ သဘောပါကြပလား. . . (ပါ,ပါပြီဘုရား)။

အဲဒီကဲ့သို့ ဒကာ ဒကာမတွေမှာ နှလုံးသွင်းပါများပြီဆိုလို့ရှိရင် ကြာတော့ ခန္ဓာကိုယ်တစ်ကိုယ်လုံးကနေပြီး ဖျပ်ဖျပ်, ဖျပ်ဖျပ်နဲ့ ငါသေနေတယ်၊ ငါသေနေတယ်ဆိုတာ သူကဖော်ပြောနေတယ်. . . (မှန်ပါ့)၊ မပြောဘူးလား. . . (ပြောပါတယ် ဘုရား)။

## ကိုယ်တိုင်မြင်အောင်ကြည့်စမ်းပါ

အဲဒါကလေးကို ဒကာ ဒကာမတွေ သတိပေးလိုက်တယ်၊ ကိုယ်ကိုယ်တိုင် မြင်အောင်ကြည့်စမ်း. . . (မှန်ပါ့)၊ ဘယ်လိုသတိပေးပါလိမ့်. . . (ကိုယ်ကိုယ်တိုင် မြင်အောင် ကြည့်စမ်းပါဘုရား)။

အဲ. . . ကိုယ်တိုင်မြင်အောင် ကြည့်လိုက်စမ်းပါဆိုတာ ဘာကိုမြင်အောင် ကြည့်ရမှာတုံးလို့ မမေးနဲ့တော့၊ ကိုယ့်အသေကို ကိုယ်တိုင်မြင်အောင် ကြည့်လိုက်စမ်းပါ. . . (မှန်ပါ့)၊ ကိုယ့်အသေကို ကိုယ်တိုင်မြင်အောင် ကြည့်လိုက်တဲ့အခါကျတော့

ဒကာ ဒကာမတွေ ခဏ ခဏလည်း သတိပေးပါတယ်။ သန္ဒိဋ္ဌိကောပဲ. . . (မှန်ပါ့)၊ သန္ဒိဋ္ဌိကော၊ သာမံပဿိတဗ္ဗော။ သိန္ဒိဋ္ဌိကော-ကိုယ်တိုင်မြင်ရမယ်၊ သာမံပဿိတဗ္ဗော-ကိုယ်တိုင် ရှုရမယ်ဆိုတဲ့အတိုင်း၊ ကိုယ်ကိုယ်တိုင် အားမထုတ်ရင် မမြင်ရပါဘူး၊ ကိုယ်တိုင်မြင်အောင် အားထုတ်ရင် မြင်ပါလိမ့်မယ်ဆိုတာ ဘုရားကမဟောဘူးလား. . . (ဟောပါတယ်ဘုရား)၊ အဲဒါကြောင့် ဒီသန္ဒိဋ္ဌိကောကိုလည်း. . . ဒကာကြွယ်တို့ ကြည့်မှ မြင်မှာပဲ . . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## မဂ္ဂင်ငါးပါးရောက်လာတယ်

ဒါဖြင့် ဒကာ ဒကာမတို့ ဟောဒါက ခန္ဓာငါးပါးလို့ ရှေ့ပိုင်းက မှတ်လိုက်တာပေါ့ဗျာ. . . (မှန်ပါ့)၊ ခန္ဓာငါးပါး မှတ်ပြီး သကာလထားတော့ ဒီကနေပြီး ဆရာဘုန်းကြီး သင်ထားတာက ခင်ဗျားတို့ သန္ဒိဋ္ဌိကောဆိုတာ ကိုယ်တိုင်မြင်အောင်ကြည့် . . . (မှန်ပါ့)၊ ကိုယ်တိုင်မြင်အောင်ကြည့်ပါဆိုတော့ ဟောဒီမဂ္ဂင်ငါးပါးဟာ ခင်ဗျားတို့ကြည့်ရင် ခင်ဗျားတို့ဝမ်းထဲ မဂ္ဂင်ငါးပါးရောက်ပြီ. . . (မှန်ပါ့)၊ မဂ္ဂင်ငါးပါးနဲ့ ကြည့်ရမှာပဲ၊ ဒီပြင်ဟာနဲ့ ကြည့်လို့ ဒကာသစ်ရမှမရဘဲ. . . (မှန်ပါ့)၊ ဒီအထဲမှာ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပသမ္မာဝါယာမ သမ္မာသတိ၊ သမ္မာသမာဓိဆိုတဲ့ မဂ္ဂင်

ငါးပါးက ရောက်လာတယ်. . . (မှန်ပါ့)၊ ကိုယ်တိုင်ကြည့်တဲ့ ပုဂ္ဂိုလ်မှာ မဂ္ဂင်နဲ့ကြည့်တာသာမှတ်ပေတော့. . . (မှန်ပါ့ဘုရား)။

ဩော်. . . ဒါဖြင့် မဂ်ဟာ ဒကာ ဒကာမတို့ ရဖို့ ဆုတောင်းရုံတောင်းနေရမှာလား၊ အကြည့်ကောင်းဖို့ အရေးကြီး တာလား. . . (အကြည့်ကောင်းဖို့ အရေးကြီးပါတယ်ဘုရား)။

## မဂ်ဆိုတာ

ဩော်. . . ဒါဖြင့် မဂ်ဆိုတာ ဒကာ ဒကာမတို့ ဟောဒီ အထဲကို ခန္ဓာငါးပါးထဲက ရှုရိုက်ရင်းနဲ့ ယားလာတယ်၊ ယားလာ တဲ့ ဝေဒနာကလေးကိုကြည့်လိုက်၊ ကြည့်လိုက်တဲ့အခါကျတော့, မဂ္ဂင်ငါးပါးနဲ့ကြည့်တော့ မမြင်ဘူးလား. . . (မြင်ပါတယ်ဘုရား)၊ မြင်တော့ ဝေဒနာက္ခန္ဓာသည် သေသွားတယ်၊ ဆုံးသွားတယ်၊ ကုန်သွားတယ်ဆိုတဲ့ အစိပ္ပါယ်မရဘူးလား. . . (ရပါတယ်)၊ ရတဲ့ အခါကျလို့ရှိရင် ဒီခန္ဓာကြီး ပြောင်းလဲမသွားဘူးလား. . . (လဲသွားပါတယ်)၊ ခန္ဓာကြီး ပြောင်းလဲသွားတယ်. . . (မှန်ပါ့)၊ ပြောင်းလဲသွားတဲ့အခါကျတော့ ပြောင်းလဲတာက မဂ္ဂဝိပဿနာ . . . (မှန်ပါ့)၊ ဒီအတိုင်းမနေပေဘူးလား. . . (နေပါတယ် ဘုရား)။

အဲဒီကဲ့သို့သိတဲ့အခါကျတော့ ဒါဟာ သန္တိဋ္ဌိကော၊ ကိုယ်တိုင်မြင်ပြီ ဒကာသစ်ရေ. . . (မှန်ပါ့)၊ ဟောဒီ မဂ္ဂင်ငါးပါးက

ဟောဒီ ကိုယ်ခန္ဓာကြီး၏ ပြောင်းနေတာ ဘယ့်နှယ်နေသတုံး . . . (ကိုယ်တိုင်မြင်ပါတယ်ဘုရား)၊ တကယ် သန္တိဋ္ဌိကော. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## ပေါ်လာတာတွေ ကိုယ်တိုင်လိုက်ပါ

အဲဒါ အိမ်ကျတဲ့အခါကျတော့ ဘုန်းကြီးမှာတဲ့အတိုင်း ထိုင်ပြီး မှန်မှန်ကလေးရှုပြီး မှန်မှန်ကလေးရှိုက်၊ ဟိုနေရာကလေး ယားသလိုလို၊ ဒီနေရာကလေး နာသလိုလို၊ ဟိုနေရာကလေး အောင့်သလိုလို၊ မမျှော်လင့်ဘဲနဲ့ တွေးစိတ်ကလေးပေါ်လာသလို လို၊ ပေါ်လာတာတွေကို သန္တိဋ္ဌိကောနဲ့ ကိုယ်တိုင်လိုက်ပါ. . . (မှန်ပါ့)၊ ကိုယ်တိုင်လိုက်တဲ့အခါကျတော့ ဒီဥစ္စာ ခန္ဓာကြီးကပဲ ဖြစ်မှုပျက်မှုမှတစ်ပါး ဘာမှမပြဘူး. . . (မှန်ပါ့)၊ ကျုပ်ဟာ ပေါ်ပါ တယ်၊ ပျက်ပါတယ်၊ ပေါ်ပါတယ်၊ ပျက်ပါတယ်လို့ ခန္ဓာကမပြော ဘူးလား. . . (ပြောပါတယ်)၊ ကျုပ်ဟာ မွေးလည်းမွေးပါတယ်၊ သေလည်းသေပါတယ်လို့. . . (ပြောပါတယ်ဘုရား)။

## ခန္ဓာကပြောတာ ဉာဏ်ကကြည့်

မွေးလည်းမွေးပါတယ်၊ သေလည်းသေပါတယ်လို့ ဘယ်သူပြောသတုံး. . . (ခန္ဓာကပြောပါတယ်ဘုရား)၊ ခန္ဓာက ပြောတာကို သန္တိဋ္ဌိကောဆိုတဲ့ဉာဏ်က ကြည့်ပေးပါ. . . (မှန်ပါ့ ဘုရား)။

ခန္ဓာကပြောတာကို. . . (ဉာဏ်ကကြည့်ပေးပါ)၊ ဉာဏ်ကကြည့်ပေးစမ်းပါ ဒကာ ဒကာမတို့ ပိုက်ဆံကုန်တာမဟုတ်ပါဘူး. . . (မှန်ပါ့)၊ ငွေလည်းမကုန်ပါဘူး၊ ကြေးလည်း မကုန်ပါဘူး၊ ခန္ဓာကပြောတာကို ဉာဏ်ကကြည့်ပေးတော့ ကိုယ်တိုင် မမြင်ရဘူးလား.. . (မြင်ရပါတယ်)၊ ဒကာသစ်ရေ သူများ အသေကို မြင်တာလား၊ ကိုယ့်အသေကိုယ်မြင်တာလား . . . (ကိုယ့်အသေ ကိုယ်မြင်တာပါဘုရား)။

ဪ. . . ဒါဖြင့် တို့ ဆုတောင်းလို့ ရထားတဲ့ ခန္ဓာကိုယ်ကြီးဟာ ဘယ်လိုသဘောရှိပါလိမ့်မလဲလို့ ကိုယ်တိုင် ဉာဏ်နဲ့ ကိုယ်တိုင်တွေးလိုက်တဲ့အခါကျတော့ ဪ . . . တို့ ဆုတောင်းပြည့်ထားတဲ့ ခန္ဓာကိုယ်ကြီးက အနိစ္စခန္ဓာကိုယ်ကြီး ရထားတာကိုး. . . (မှန်ပါ့)၊ မပေါ်လာဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

## သိတာက ဝိပဿနာမဂ်

ဘယ်လိုပေါ်လာပါလိမ့်. . . (အနိစ္စ ခန္ဓာကိုယ်ကြီးရထားလို့ ပေါ်လာပါတယ်)၊ ဒါဖြင့် အနိစ္စက ခန္ဓာကိုယ်၊ သိတာကမဂ် . . . (မှန်ပါ့)၊ သိတာက ဝိပဿနာမဂ်ဖြစ်နေတော့ ခန္ဓာကိုယ်နဲ့ သိတဲ့ မဂ်နဲ့တွဲပေးလိုက်ပါ. . . (မှန်ပါ့)၊ တွဲပေးလိုက်တော့ ဒါသူများမြင်တာလား၊ ကိုယ့်ဉာဏ်နဲ့ ကိုယ်မြင်တာလား

. . . (ကိုယ့်ဉာဏ်နဲ့ကိုယ်မြင်တာပါဘုရား)၊ ဒါဖြင့် သန္တိဋ္ဌိကော ကိုက်ပြီ. . . (မှန်ပါ့ဘုရား)။

ဘယ်လိုကိုက်ပါလိမ့်. . . (သန္ဒိဋ္ဌိကော ကိုက်ပါပြီဘုရား)၊ သန္ဒိဋ္ဌိကော ကိုယ်တိုင်မြင်ပြီဘုရား့၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကိုယ့်အသေ သူများပြောလို့သိရတာ နင်တော့ သေမှာပဲ၊ ပြောတာက ရှင်တုန်း ပြောတာ၊ သူသိတာမဟုတ်ပါဘူး . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

## ဘယ်လိုကြည့်ရမှာလဲ

ဒါဖြင့် ကိုယ့်အသေကိုယ်မြင်အောင် ဘယ်လိုကြည့်ကြမလဲဆိုတော့မှ ဝေဒနာကလေးတွေ၏ ဖြစ်ပုံပျက်ပုံခန္ဓာထဲ ကြည့်လိုက်၊ စိတ်ကလေးတွေ၏ ဖြစ်ပုံပျက်ပုံ. . . (ခန္ဓာထဲကြည့်ရပါ့မယ်ဘုရား)၊ အဲဒါဟာ ဘာပါလိမ့်ဗျာ. . . (ကိုယ့်အသေကိုယ်မြင်တာပါဘုရား)၊ သူများပြောလား၊ သန္ဒိဋ္ဌိကောလား. . . (သိန္ဒိဋ္ဌိကောပါဘုရား)၊ သန္ဒိဋ္ဌိကောဆိုတော့ ကိုယ်တိုင်မြင်တာ. . . (မှန်ပါ့)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒါကြီးဟာ ကိုယ့်အသေ ကိုယ်မြင်နေတဲ့ အခိုက်အတန့်မှာ ငါ့ခန္ဓာပဲဆိုတဲ့ ဒိဋ္ဌိလာသေးရဲ့လား

. . . (မလာပါဘုရား)၊ ငါ့ခန္ဓာမှ ငါစွဲလမ်း၊ ငါခင် မယ်ဆိုတဲ့ ဥပါဒါန်ကော. . . (မလာပါဘုရား)။

ဪ. . . ဒါဖြင့် ဒကာ ဒကာမတို့ သန္တိဋ္ဌိကောဆိုတဲ့ ကိုယ်တိုင်မြင်လိုက်တာနဲ့ အကာလိကောဆိုတဲ့ တဏှာဥပါဒါန်တွေချုပ်တယ်. . . (မှန်ပါ့ချုပ်ပါတယ်ဘုရား)၊ ဒိဋ္ဌိ၊ ဒိဋ္ဌုပါဒါန် ဒိဋ္ဌိချုပ်တဲ့ကံတွေ ချုပ်သွားပြီ. . . (ချုပ်သွားပါပြီဘုရား)၊ ဒါဖြင့် အပါယ်သွားမည့်တရားတွေ ချုပ်သွားတယ်. . . (ချုပ်သွားပါတယ်ဘုရား)၊ ဟောဒီတရားကလေးက သန္တိဋ္ဌိကောဖြစ်တာနဲ့ ဟောဒီ အပါယ်သွားမည့် တရားတွေ ချုပ်တာ အကာလိကော . . . (မှန်ပါ့ဘုရား)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

## တဏှာ၊ ဥပါဒါန်ချုပ်တာ အကာလိကော

မိမိအသေကို မိမိမြင်တဲ့ ဉာဏ်ကလေးက သန္တိဋ္ဌိကော . . . (မှန်ပါ့)၊ သူလာလိုက်တဲ့အတွက် တဏှာဥပါဒါန်ကံတွေ ချုပ်သွားတာက ဘာဆိုကြမယ် . . . (အကာလိကောပါ)၊ ဪ . . . ဒါဖြင့် တို့သန္တိဋ္ဌိကောအလုပ်ကို မလုပ်လို့ရှိရင် အကာလိကောဆိုတဲ့ အပါယ်သွားကြောင်း ချုပ်စရာတွေ မချုပ်ဘူး . . . (မှန်ပါ့)၊ သန္တိဋ္ဌိကော ကိုယ်တိုင်လုပ်လိုက်ပါရော တဏှာဥပါဒါန်ကံတွေက ဘယ့်နှယ်နေသတုံး . . . (ချုပ်သွားပါတယ်ဘုရား)၊

တစ်ချက်ခုတ်တာနဲ့ နှစ်ချက်ပြတ်ရပါကလားဆိုတာ ပေါ်လာတယ် . . . (မှန်ပါ့ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတွေ အပါယ်လေးပါးကို လွတ်ရပါလို၏ဆိုလို့ မလွတ်နိုင်ပါဘူး. . . (မှန်ပါ့)၊ သန္နိဋ္ဌာနကော လုပ်ရင် အကာလိကောဆိုတဲ့ အပါယ်ရောက်ကြောင်း ချုပ်စရာ အကုန် ချုပ်နိုင်ပါတယ် . . . (မှန်ပါ့)၊ သဘောကျပလား . . . (မှန်ပါ့)၊ ဘယ့်နှယ်ကြောင့် ချုပ်ရပါ့မလဲလို့ ဒကာသစ်၊ ဒကာကြွယ်တို့ မေးလို့ရှိရင် ဘယ့်နှယ်ဖြေကြပါမလဲ . . . (သန္နိဋ္ဌာနကော လုပ်လို့ပါဘုရား)၊ ဒကာ ဒကာမတို့ တယ်အဖိုးတန်ပါကလား၊ သန္နိဋ္ဌာနကောလုပ်လိုက်တာနဲ့ အကာလိကောဆိုတာကြီး တစ်ခါတည်း အခါမလင့် အကျိုးပေးချလိုက်တယ်ဆိုတာ မပေါ်သေးဘူးလား . . . (ပေါ်ပါပြီဘုရား)။

## အကာလိကောက ဝိပဿနာအကျိုး

ဒကာကြွယ် သိပ်အဖိုးတန်သွားပါလား . . . (တန်ပါတယ်ဘုရား)၊ သန္နိဋ္ဌာနကောသည် ဝိပဿနာအလုပ်၊ အကာလိကောဆိုတာ ဝိပဿနာက အကျိုးပေးလိုက်တာ . . . (မှန်ပါ့ဘုရား)။

သန္နိဋ္ဌာနကောဆိုတာ ဘာတုံး . . . (ဝိပဿနာအလုပ်ပါဘုရား)၊ အကာလိကော. . . (ဝိပဿနာအကျိုးပါ)၊ ဝိပဿနာ

လုပ်လို့ အကျိုးပေးလိုက်တာ . . . (မှန်ပါ့)၊ ဒကာသစ် ဒါဟာ အခါဆိုင်းသေးသလား . . . (မဆိုင်းပါဘုရား)၊ အခုရှု အခု အကျိုးပေးတာပဲ . . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ဖြည်းဖြည်းမှလုပ်မယ် ဝိပဿနာကို၊ တို့တော့ ဖြင့် ဆရာဘုန်းကြီးကတော့ဖြင့် တိုက်တွန်းတာပဲ၊ တို့တော့ ဖြည်းဖြည်းမှပဲ၊ အခု စာရေးသောက်ရေး, နေရေးထိုင်ရေးက လည်း မလုံလောက်သေးတော့ ကျွတ်ကျွတ်လွတ်လွတ် မလုပ် နိုင်သေးဘူးပေါ့လေ၊ တစ်နေ့တော့ လုပ်မှာပဲဆိုရင်ဖြင့် အခု အကျိုးပေးတာကို သူမလိုချင်လို့ . . . (မှန်ပါ့ဘုရား)။

## လက်ငင်းအကျိုးခံစားရတယ်

ဒါဖြင့် အထည်ရောင်းတဲ့လူများ ကိုယ်ကိုယ်တိုင်စဉ်းစား ကြည့်၊ လက်ငင်းရောင်းချင်သလား၊ အကြွေးရောင်းချင်သလား ဆိုရင် ဒကာကြွယ် ဘယ့်နှယ်ဖြေမလဲ . . . (လက်ငင်းရောင်းချင် ပါတယ်ဘုရား)၊ လက်ငင်းရောင်းတော့ လက်ငင်းအကျိုး ခံစားရ တယ်ဆိုတာ သိပြီးသား . . . (မှန်ပါ့)၊ လက်ငင်းရောင်းရမယ့် အရာကို တစ်ဆယ်နှုန်းလျှော့ပါဆိုရင်တောင် လျှော့ရောင်းနိုင် ကြတယ် . . . (မှန်ပါ့)၊ အကြွေးဆိုရင် တစ်ရာတစ်ဆယ်နဲ့တောင် မပေးရဲဘူး. . . (မှန်ပါ့)၊ ပေးရဲပါ့မလား . . . (မပေးရဲပါဘုရား)။

## လက်ငင်းအကျိုးပေးတာ ယူလိုက်ပါ

ဒီမှာလည်း အဲဒီလိုစဉ်းစားပါတော့ ဒကာ ဒကာမတို့၊ သန္တိဌိကော ကိုယ်တိုင်လုပ်လို့ရှိရင် အကာလိကောလက်ငင်း အကျိုးပေးတာကို ယူလိုက်ပါလား. . . (မှန်ပါ့)၊ ဘာဖြစ်လို့ နက်ဖြန်တွေ သန်ဘက်တွေ ဖိန်းနွဲတွေ ခင်ဗျားတို့ ဆင်ခြေလဲပြီး သကာလ အကြွေးအလိုရှိနေသလားလို့ မေးဖို့ကြုံလာတယ် . . . (ကြုံလာပါတယ်ဘုရား)၊ မကြုံလာဘူးလား . . . (ကြုံလာပါ တယ်ဘုရား)၊ အဲဒါဆိုရင် မိုက်ရာကျတယ်လို့ မှတ်လိုက်စမ်းပါ . . . (မှန်ပါ့ ဘုရား)။

ဖြည်းဖြည်းလုပ်မယ်ဆိုတဲ့ လူက ဘာပါလိမ့် . . . (မိုက် ရာကျပါတယ်)၊ ဘယ့်နှယ်ကြောင့် မိုက်ရာကျပါလိမ့်မလဲလို့ ဒကာ ဒကာမတွေက မေးလို့ရှိရင်လည်း အခုအကျိုးပေးတာကို လက်ငင်းမလိုချင်လို့ မိုက်တာက တစ်မျိုး. . . (မှန်ပါ့)၊ ခန္ဓာကိုယ် ကြီးဟာ နက်ဖြန်၊ သန်ဘက်၊ ဖိန်းနွဲ၊ ဟိုလ ဒီလဆိုတဲ့ ဥစ္စာ နေရလိမ့်ဦးမယ်ဆိုတဲ့ သဿတဒိဋ္ဌိ ခိုင်မြဲလိမ့်မယ်ထင်နေတဲ့ ဒိဋ္ဌိက တားပစ်လိုက်တာ. . . (မှန်ပါ့)၊ ဘယ်သူက တားပါလိမ့် . . . (ခိုင်တယ်, မြဲတယ်ထင်တဲ့ ဒိဋ္ဌိက တားပါတယ်ဘုရား)။

ဒကာ ဒကာမတို့ ခင်ဗျားတို့ဟာ လွန်ကုန်ပြီ. . . (မှန်ပါ့)၊ လက်ငင်းမယူတဲ့အတွက် ဒိဋ္ဌိတည်းဟူသောပြောင့်တောင် ဝင်စူး ပြန်ပြီ . . . (မှန်ပါ့)၊ ဘယ်နည်းနဲ့မှ အပါယ်လေးပါးမှ မလွတ်နိုင်

သေးဘူး. . . (မှန်ပါ့ဘုရား)၊ ဒါကြောင့် ဒကာ ဒကာမတို့ လက်ငင်းအကြွေး ဘယ်ဟာကောင်းပါလိမ့် . . . (လက်ငင်း ကောင်းပါတယ်ဘုရား)။

## ကိုယ်တိုင်မြင်အောင်လုပ်မှလက်ငင်းရမှာ

ဒါကလည်း ပါးစပ်ကောင်းနေရုံနဲ့တော့ မဖြစ်သေးဘူး . . . (မှန်ပါ့)၊ ခန္ဓာကိုယ်ထဲမှာ ပေါ်လာတာတွေကို သန္တိဋ္ဌိကောဆိုတာ ကိုယ်တိုင်မြင်အောင် လုပ်လိုက်မှ အကာလိကော ဆိုတာ လက်ငင်းရမှာ . . . (မှန်ပါ့)၊ နို့မဟုတ်ရင် ရစရာ မြင်သေး ရဲ့လား. . . (မမြင်ပါဘုရား)။

ဒါကြောင့် ဝိပဿနာအလုပ်သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဒကာကြွယ်တို့၊ ဦးလှဘူးတို့ ပဋိစ္စသမုပ္ပါဒ် အနာဂတ်အကြောင်း ဖြစ်တဲ့ ဒိဋ္ဌိဒိဋ္ဌုပါဒါန် ဒိဋ္ဌိအုပ်ချုပ်တဲ့ကံတွေ မချုပ်ဘူးလား . . . (ချုပ်ပါတယ်ဘုရား)၊ ဒကာသစ် ချုပ်ချင်လို့ချုပ်တာလား၊ သိန္ဒိဋ္ဌိ ကောကြောင့် ချုပ်တာလား . . . (သန္ဒိဋ္ဌိကောကြောင့်ချုပ်တာ ပါဘုရား)။

## ခန္ဓာက ယနေ့လား နက်ဖြန်လားမသိဘူး

ဟာ. . . ဒါဖြင့် တပည့်တော်တို့ဘုရား၊ လက်ငင်းအကျိုး ပေးတာ လိုက်နာပါတော့မယ်၊ ခန္ဓာကိုယ်ကြီးကလည်း အဇ္ဈေ

ဝသုဝေဝနဲ့ ယနေ့လား၊ နက်ဖြန်လား မသိဘူးဆိုပြီးသကာလ ဒကာ ဒကာမတို့ အချိန်ကို အလွဲသုံးစားမလုပ်လိုက်ပါနဲ့ဆိုတာ ဒီတရားပွဲမှာ တိုက်တွန်းပါတယ် . . . (မှန်ပါ)၊ မတိုက်တွန်းသင့်ဘူးလား . . . (တိုက်တွန်းသင့်ပါတယ်ဘုရား)။

## ကိုယ့်အသေကိုယ်မြင်တာ ဝိပဿနာ

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကိုယ့်အသေကိုယ်မြင်တာ ဝိပဿနာ. . . (မှန်ပါ)၊ ကိုယ့်အသေ ကိုယ်မုန်းတာကကော. . . (ဝိပဿနာပါ)၊ တစ်နေ့က သီတင်းနေ့က တောင် ပြောခဲ့သေးတယ် ဒကာကြွယ်. . . (မှန်ပါ)၊ ကိုယ့်အသေ ကိုယ်မြင်တာ. . . (ဝိပဿနာပါဘုရား)၊ ကိုယ့်အသေကိုယ်မမြင်တာဟာ အဝိဇ္ဇာ . . . (မှန်ပါဘုရား)။

အဝိဇ္ဇာပစ္စယာ. . . (သင်္ခါရပါဘုရား)၊ အဝိဇ္ဇာပစ္စယာသင်္ခါရကြီးဟာလည်း ဒကာသစ်တို့ ဒကာကြွယ်တို့ တစ်သံသရာလုံး အဝိဇ္ဇာပစ္စယာသင်္ခါရာပေါ်မှာ လာတာပဲလို့ဆိုရင် လွဲပါ့မလား . . . (မလွဲပါဘုရား)။

အဲဒါကြောင့် ကိုယ့်အသေကိုယ်မြင်တာဟာ ဘာခေါ်ကြမယ် . . . (ဝိပဿနာပါ)၊ ကိုယ့်အသေ ကိုယ်မုန်းတာ . . . (ဝိပဿနာပါဘုရား)၊ ကိုယ့်အသေကိုယ် မမြင်တာ . . . (အဝိဇ္ဇာ သင်္ခါရာပါဘုရား)၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သွားပြီ . . . (မှန်ပါ)။

ကိုယ့်အသေမှ ကိုယ်မသိတဲ့ပုဂ္ဂိုလ်ဟာ မသိတဲ့ အဝိဇ္ဇာ၊ အဝိဇ္ဇာရှိနေတဲ့ ပုဂ္ဂိုလ်ဟာ သင်္ခါရအလုပ်တော့ဖြင့် ဓမ္မနိယာမ အဖြစ် လုပ်တော့မှာပဲ . . . (မှန်ပါ့)၊ မလုပ်ပေဘူးလား . . . (လုပ်ပါတယ်ဘုရား)။

## ခင်ဗျားတို့သိတာကနည်းနည်း

အဲဒါကြောင့် ခင်ဗျားတို့ သိတာက နည်းနည်း၊ ဘုရားသိတာက အလွန့်အလွန်သိတာ၊ ဘုန်းကြီးတို့သိကြတာဟာ ဘုရားဟောတဲ့အတိုင်း ဘုရားနောက်လိုက်ပြီး အစဉ်သိတာ . . . (မှန်ပါ့)၊ ဤအသိမျိုးနဲ့ ဒကာကြွယ်တို့ ကယ်တင်နိဗ္ဗာန် ပို့ဆောင်နေတဲ့ဥစ္စာ ခင်ဗျားတို့က ရက်ရွေ့ပြီးသကာလ နေကြတာဟာ အဝိဇ္ဇာပစ္စယာသင်္ခါရာ. . . (မှန်ပါ့)၊ အဝိဇ္ဇာပစ္စယာ၊ မသိမှု အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ ငါတို့လုပ်ချင်သလို လုပ်မည့်သင်္ခါရတို့သည်။ ဥပ္ပဇ္ဇန္တိ-ဖြစ်ကုန်၏ . . . (မှန်ပါ့)။

မသိတော့ ခန္ဓာကိုယ် ကိုယ့်အသေ ကိုယ်မသိတဲ့ အခါကျတော့ မသိတာက ဘာခေါ်ကြမယ် . . . (အဝိဇ္ဇာပါဘုရား)၊ အဲဒီကျတော့ ငါ သားရေးလိုက်ဦးမယ်၊ သမီးရေး လိုက်ဦးမယ်ဆိုတဲ့ ကာယကံ၊ ဝစီကံတွေက မလာသေးဘူးလား. . . (လာပါတယ်ဘုရား)၊ အဲဒါ ဘာခေါ်ကြမလဲ . . . (သင်္ခါ ရာပါဘုရား)။

## ကိုယ့်အသေကိုယ်မသိတာ အဝိဇ္ဇာ

ဒါဖြင့် ကိုယ့်အသေကိုယ်မသိတာ ဘာခေါ်မယ် . . . (အဝိဇ္ဇာပါဘုရား)၊ သားရေး၊ သမီးရေးတွေ ဂရုစိုက်နေကြတာ လုပ်နေကြတာက. . . (သင်္ခါရပါ)၊ သွားကြပေတော့ သင်္ခါရပစ္စယာ ဝိညာဏံ. . . (မှန်ပါ့)၊ သွားပြီ၊ သွားပြီ အပါယ် ပဋိသန္ဓေ စတဲ့ ဇာတိမျိုးစုံတွေလာပြီ. . . (မှန်ပါ့)၊ ဒကာကြွယ်တို့ အခု နောက်ပိုင်း ချိတ်လို့တော်တော်သေးတယ် မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

မချိတ်မိလို့ရှိရင် ကိုယ့်အသေကိုလည်း မကြည့်မိတော့ ပါဘူးဆို လို့ရှိရင်ဖြင့် အဝိဇ္ဇာပစ္စယာသင်္ခါရာဖြစ်ပြီ . . . (မှန်ပါ့)၊ အဝိဇ္ဇာ ဖြစ်တဲ့အခါကျတော့ သားအတွက်လည်း လုပ်ဦးမှ၊ ကိုယ့် အတွက် လုပ်ဦးမှ၊ သမီးအတွက်လည်း လုပ်ဦးမှဆိုတဲ့ ဝစီကံ ရောင်းမှု ဝယ်မှုဆိုတဲ့ ကာယကံ မလာပေဘူးလား . . . (လာပါ တယ်ဘုရား)။

ဒါဟာ ကိုယ့်အသေကိုယ်မသိတော့ကို သားသမီး ဆွေမျိုးဉာတကာတို့၏ အလုပ်ကို ရက်ရက်စက်စက် လုပ်မိပြီ ဆိုမှဖြင့် အဝိဇ္ဇာပစ္စယာ. . . (သင်္ခါရာပါ)၊ သင်္ခါရာ ပစ္စယာ . . . (ဝိညာဏံပါ)၊ အဲ. . . ဝိညာဏံကျတော့ ဘယ်လိုမှ မရ တော့ဘူး. . . (မှန်ပါ့)၊ ဘုန်းကြီးတို့ ကယ်လို့ရတာက အဝိဇ္ဇာ မဖြစ်အောင် ဒီကစပြီး တားမှရမယ်. . . (မှန်ပါ့)၊ သဘောကျပ

လား. . . (ကျပါပြီ)၊   ကိုယ့်အသေကိုယ်မမြင်တာ . . . (အဝိဇ္ဇာပစ္စယာသင်္ခါရာပါဘုရား)။

## ဖြစ်ပျက်မကြည့်မိတာအဝိဇ္ဇာ

ဩော်. . . ဒါဖြင့် ဒကာသစ်တို့ပဲချိန်ပါ။ ဦးလှဘူးတို့ပဲ ချိန်ပါ။ ဘယ်လို ချိန်ကြမတုံးမေးတော့ ရွာထဲမှာ၊ မြို့ထဲမှာ နေကြတဲ့ပုဂ္ဂိုလ်များ ကိုယ့်အသေကလေး ခဏခဏ ဝေဒနာကလေး၏, ဖြစ်ပျက်စိတ်ကလေးတွေ၏ ဖြစ်ပျက်၊ ဖြစ်ပြီးပျက်သွားတာ အသေပေါ့ဗျာ. . . (မှန်ပါ့)၊ ရုပ်ကလေးတွေ၏ ဖြစ်ပျက်ကို သူတို့ ကြည့်မိပါရဲ့လား၊ မကြည့်မိဘူးဆိုရင် ဘယ့်နှယ်ပြောကြမလဲ . . . (မကြည့်မိပါဘုရား)၊ မကြည့်မိတာက အဝိဇ္ဇာ၊ မကြည့်မိလို့ သားရေး, သမီးရေးနဲ့ မဲလုပ်နိုင်တာက. . . (သင်္ခါရာပါဘုရား)။

ဩော်. . . ဒီပုဂ္ဂိုလ်သည်ကားလို့ဆိုလို့ရှိရင် သင်္ခါရပစ္စယာ ဝိညာဏံဆိုတော့ အပါယ်ဝိညာဏ်တွေလာတဲ့အခါကျတော့ မဲ့သေထဲ လှည့်သွားတယ်. . . (မှန်ပါ့)၊ မလှည့်ပေဘူးလား . . . (လှည့်ပါတယ်ဘုရား)။

## ကိုယ့်အသေကိုယ်မုန်းတာဝိပဿနာ

အဲဒါတွေ ဉာဏ်နဲ့ကြည့်တော့မှ ဩော်. . . ဒါဖြင့် ပြန်ကြည့်လိုက်ပါ၊ ဝိပဿနာဆိုတာ ကိုယ့်အသေကိုယ် မြင်တာ

. . . (မှန်ပါ့)၊ ကိုယ့်အသေ ကိုယ်မုန်းတာ. . . (ဝိပဿနာပါ) ကိုယ့်အသေမှ ကိုယ်မမြင်တာ. . . (အဝိဇ္ဇာပစ္စယာ သင်္ခါရာပါ ဘုရား)။

ဒါဖြင့် ဒကာသစ်တို့ အပါယ်သွားပုဂ္ဂိုလ်ဟာ ချိန်လို့ရ ပါ့မလား. . . (မရပါဘုရား)၊ မရဘူး၊ ကိုယ့်အသေမှ ကိုယ်မကြည့် ကြဘဲ၊ ဝိပဿနာမှ မပါတော့ဘဲ. . . (မှန်ပါ့)၊ ဝိပဿနာမဂ်မှ ရှေ့ကမလာရင် လောကုတ္တရာမဂ်ဆိုတဲ့ သောတာပတ္တိမဂ်က ဝိပဿနာရှေ့သွား အနန္တရပစ္စည်းရှိမှ လောကုတ္တရာမဂ်အနန္တရ ပစ္စည်း၏ ပစ္စယုပ္ပန်ဆိုတဲ့ အကျိုးပေါ် ရမှာ ပေါ် ခွင့်ရသေးရဲ့လား . . . (မရပါဘုရား)၊ အဲဒါ သန္တိဋ္ဌိကောမလုပ်လို့ အကာလိကော မခံစားရတာ. . . (မှန်ပါ့ဘုရား)။

## ကယ်တင်နေတာလို့ တကယ်ယုံကြည်ကြ

ဒကာ ဒကာမတို့ အခု ဆရာသမားလည်း ကြုံတုန်း၊ ခင်ဗျားတို့ကိုလည်း ကယ်တင်နေတာလို့ တကယ်ယုံကြည်ကြ . . . (မှန်ပါ့)၊ အဲဒီကဲ့သို့ ယုံကြည်ပြီးသကာလမှာ သန္တိဋ္ဌိကောလို့ ကိုယ့်အသေကိုယ်မြင်အောင် မလုပ်တော့ဘူးဆိုရင်ဖြင့် ဒီထက် ကိုယ်ကျိုးနည်း မရှိတော့ဘူး. . . (မှန်ပါ့)၊ ဒီထက် လူဖြစ်ရှုံးတာ ကော . . . (မရှိပါဘုရား)၊ အင်မတန် မနစ်နာပေဘူးလား. . . (နာပါတယ်ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒီဥစ္စာ ငွေလည်းမကုန်၊ လူလည်း မပန်း ဆိုတဲ့အလုပ်ဆိုတာ ဒကာကြွယ် သေချာပလား. . . (သေချာ ပါပြီ)၊ ငွေကုန်လူပန်းလားဗျာ. . . (မဟုတ်ပါဘုရား)၊ ကိုယ့် အသေကို ကြည့်ရတာပဲ၊ မရှိတာကို ဘုရားက အကြည့်ခိုင်းတာ လား၊ ရှိတာကို အကြည့်ခိုင်းတာလား. . . (ရှိတာကို အကြည့်ခိုင် တာပါ)၊ ဘုရားဟောတွေကို စဉ်းစားကြည့်ပါ၊ သဗ္ဗေသင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယပဿတိ • ကိုယ့်အသေအနိစ္စတွေကို ပညာနဲ့ရှုပေးပါလို့ မမှာဘူးလား. . . (မှာပါတယ်)၊ ကိုယ်တော်ကြီး မှာတာက တခြား, တပည့်တော်တို့နေချင်တာက တစ်ပုံဖြစ် နေတယ်ဆိုတော့ ရှုးလွန်းလို့ တော်လှန်တာပဲ. . . (မှန်ပါ)၊ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်)၊ ဒါဖြင့် **"ပုထုဇ္ဇနော ဥမ္မတ္တ ကော"** ဆိုတာ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

## ရှုးတာဖြင့်တော်လောက်ပါပြီ

ဒကာကြွယ် ရှုးတာဖြင့် တော်လောက်ပါပြီ၊ ရှုးခဲ့တဲ့ ဘဝ တွေနဲ့ သူတစ်ပါး တံတွေးထွေးခံရတာ နည်းသလားဗျာ. . . (မနည်းပါဘုရား)၊ ဟ. . . အရှုးအိမ်မလာစေနဲ့ဆိုတဲ့ ဘဝတွေ နည်းသလား. . . (မနည်းပါဘုရား)။

တစ်ခါတလေ ကိုယ့်သားသမီးတွေကတောင် ကိုယ်က ဖောက်ပြန်နေတဲ့အခါ ကိလေသာရှုး, ရှုးနော် သွားမခေါ်နဲ့. . .

(မှန်ပါ့)၊ ပါသေးတယ်ဗျ. . . (ပါ, ပါတယ်ဘုရား)၊ စိတ်ဆိုးတဲ့ အခါ မပါကြဘူးလား. . . (ပါ, ပါတယ်ဘုရား)၊ နို့ သူတို့ပြောတာ မှားသလား၊ ကိုယ့်ကမခံနိုင်လို့ လဲသေတန်သေရမယ် မှန်လိုက် တာလွန်လို့. . . (မှန်ပါ)၊ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ် ဘုရား)။

မသိတဲ့လူကပြောတာတောင်မှ မှန်နေသေးတယ် ဆို တော့ သိတဲ့လူက ကိလေသာရှူး, ရှူးလို့ ကိုယ့်အသေ ကိုယ် မမြင်တာပဲဆိုတာ ငြင်းမနေပါနဲ့တော့၊ ဝန်ခံရုံပဲ ရှိတော့တယ် . . . (မှန်လှပါဘုရား)၊ သဘောပါကြပလား. . . (ပါ, ပါပြီဘုရား)။

## အခါမလင့်အကျိုးပေးတယ်

ဒါဖြင့် ဒကာ ဒကာမတို့ သန္နိဋ္ဌိကောဖြစ်မှ ဘာဖြစ်မှာပါ လိမ့်. . . (အကာလိကောဖြစ်မှာပါဘုရား)၊ သန္ဒိဋ္ဌိကောဆိုတာ ဒကာ ဒကာမတို့ ကိုယ့်အသေကိုယ်မြင်တာ ဘာခေါ်ကြမယ် . . . (သန္ဒိဋ္ဌိကောပါ)၊ အဲဒီသန္ဒိဋ္ဌိကောလည်း လာပါရော ဒကာ ဒကာမတို့သိတဲ့အတိုင်း တဏှာ ဥပါဒါန် ကံတွေ ဘယ့်နှယ်နေကြ သတုံး. . . (ချုပ်ပါတယ်ဘုရား)၊ ဒါကို ဘာဆိုကြမှာပါလိမ့်. . . (အကာလိကောပါဘုရား)၊ အခါများကော လင့်သေးသလား . . . (မလင့်ပါဘုရား)၊ အခု အသေမြင်တဲ့ ဝိပဿနာမဂ်လည်း လာပါရော နောက်ဘဝသေကြောင်းဖြစ်တဲ့, အပါယ်သွား

ကြောင်းဖြစ်တဲ့ တရားတွေက တကယ်တမ်းချုပ်ပါတယ်. . . (မှန်ပါ့)၊ မချုပ်ဘူးလား. . . (ချုပ်ပါတယ်ဘုရား)။

## အသေမြင်တာ ဝိပဿနာ

အဲဒါတွေသိတော့မှ ကိုယ့်အသေကိုယ်မြင်တာ ဘာခေါ်ကြမယ်. . . (ဝိပဿနာပါဘုရား)၊ ကိုယ့်အသေ ကိုယ်မှန်းတာ . . . (ဝိပဿနာပါ)၊ ကိုယ့်အသေ ကိုယ်မမြင်တာ. . . (အဝိဇ္ဇာပါဘုရား)။

ကိုင်း. . . ဒါဖြင့် ဝိပဿနာသမားတွေဖြစ်နေတော့ ကိုယ့်အသေတွေဆုံးသွားတော့ ဒကာ ဒကာမတို့ မရဏမှိဒုက္ခ ရှိသေးရဲ့လား. . . (မရှိပါဘုရား)၊ မသေရာဖြစ်တဲ့ အမတ နိဗ္ဗာန်သစ္စာဖြစ်သွားတယ်. . . (မှန်ပါ့)၊ ဒါဖြင့် အမတဆိုတဲ့ သုခသစ္စာသွားရလိမ့်မယ်. . . (မှန်ပါ့)၊ ဒါဖြင့် ဒကာ ဒကာမတို့ မသေရာကိုဖြင့်တဲ့ဉစ္စာက မင်္ဂဉာဏ်၊ မဂ္ဂသစ္စာပေါ့. . . (မှန်ပါ့ဘုရား)။

## မသေရာမြင်တာ မဂ္ဂသစ္စာ

ဒီလို နှစ်လုံးတည်းမှတ်လိုက်ပါ၊ အသေမြင်တာ ဝိပဿနာ၊ မသေရာမြင်တာ မဂ္ဂသစ္စာ. . . (မှန်ပါ့ဘုရား)။

ဒကာကြွယ် ဒါသေသေချာချာမှတ်ရလိမ့်မယ်. . . (မှန်ပါ့)၊ ကိုယ့်အသေ ကိုယ်မြင်တာက. . . (ဝိပဿနာပါ)၊ မသေတာမြင်တာက. . . (မဂ္ဂသစ္စာပါ)၊ မဂ္ဂသစ္စာဟာ နိဗ္ဗာန်ကိုသာ အာရုံပြုနေတာကိုး၊ မသေရာကို အာရုံပြုတယ်. . . (မှန်ပါ့ဘုရား)၊ ကိုယ့်အသေ ကိုယ်မမြင်တာက. . . (အဝိဇ္ဇာပစ္စယာ သင်္ခါရာပါဘုရား)။

အဲဒီတော့ ငါသည် ဒီသုံးစားထဲက ဘယ်ပုဂ္ဂိုလ်တုံးလို့ ကိုယ့်ကိုယ်ကိုယ်မေးပါ. . . (မှန်ပါ့)၊ မမေးသင့်ဘူးလားဗျာ. . . (မေးသင့်ပါတယ်)၊ ဒီလိုဆိုရင် ဒကာသစ်၊ ခင်ဗျားတို့ ပြုံးသေပုဂ္ဂိုလ်အဖြစ်သို့ ရောက်နိုင်ပါတယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)၊ ကိုယ့်အသေ ကိုယ်မြင်တော့ ဝိပဿနာဖြစ်နေတော့ ဝိပဿနာနဲ့ သေသွားတော့ သေခါနီးမှာပင် သောတာပန်စသည် ဖြစ်နိုင်တယ်လို့ ဖဂ္ဂုဏ ဟောပြီးပြီ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## ဒုက္ခသစ္စာခန္ဓာကိုယ်ကြီး

ကဲ. . . ဒါဖြင့် ကိုယ့်အသေ ကိုယ်မမြင်တာကဘာတဲ့. . . (အဝိဇ္ဇာပါဘုရား)၊ ဩော်. . . သံသရာခရီးသည် ဒုက္ခထဲက လာပြီး၊ ဒုက္ခထဲပြန်သွားပဟ. . . (မှန်ပါ့)၊ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်)၊ ဒုက္ခသစ္စာ ခန္ဓာကိုယ်ကြီးနဲ့နေပြီး နောက်

ဒုက္ခသစ္စာ ခန္ဓာကိုယ်ကြီး ထမ်းရပြန်ပြီ၊ ပိုးရပြန်ပြီ၊ သယ်ရပြန်ပြီ ဆိုရင်ကော လွှဲပါ့မလား. . . (မလွှဲပါဘုရား)။

ဒါကြောင့် ဒုက္ခထဲကလာပြီး ဒုက္ခထဲသွားချင်ကြလို့ရှိရင်ဖြင့် ကိုယ့်အသေ ကိုယ်မမြင်တာ အဝိဇ္ဇာပစ္စယာ သင်္ခါရာ. . . (မှန်ပါ့)၊ ဒါဖြင့် ကိုယ့်အသေတွေမရှိတော့ဘူးလို့ ကိုယ့်အသေဆုံးတာကို ကိုယ်မြင်တာကတော့ဖြင့် မဂ္ဂသစ္စာ. . . (မှန်ပါ့)၊ ဒကာကြွယ်ရှင်းပလား. . . (ရှင်းပါပြီ)၊ အဲဒီကဲ့သို့ သေကြလို့ရှိရင် ပြုံးသေဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

## ဒိဋ္ဌိအရင်ခွာရမယ်

ကောင်းပြီ၊ ဒါဖြင့် ဝိပဿနာလုပ်မည်ကြံပြန်တော့လည်း မနေ့ကပြောထားတဲ့တရားရှိတယ်၊ ဒကာ ဒကာမတို့ ဝိပဿနာမလုပ်ခင် ဒိဋ္ဌိအရင်ခွာရမယ်. . . (မှန်ပါ့)၊ မပြောခဲ့လားဗျာ. . . (ပြောခဲ့ပါတယ်ဘုရား)။

ဝိပဿနာမလုပ်ခင် ဒိဋ္ဌိအရင်ခွာရမယ်တို့ ပြောထားတော့ ခန္ဓာထဲက ဒကာ ဒကာမတို့ ရုပ်တွေနာမ်တွေလည်း သိပြီးသားထားတော့ ခန္ဓာထဲက ခဏခဏဖောက်ပြန် ပျက်စီးတာကလေးတွေ သိလို့ရှိရင်ဖြင့် ဒိဋ္ဌိက နေနိုင်သေးရဲ့လား . . . (မနေနိုင်ပါဘုရား)၊ ငါ ရှိသေးရဲ့လား. . . (မရှိတော့ပါဘုရား)၊ ခဏခဏဖြစ် ပျက်မြင်နေတော့ ငါလဲ မဟုတ်ဘူး. . . (မှန်ပါ့)၊

ငါ့ဥစ္စာကော . . . (မဟုတ်ပါဘုရား)၊ ဒါက တီရဏပရိညာနဲ့ ခွာချလိုက်တာ . . . (မှန်ပါ့)၊ ပွားများမှုနဲ့ခွာတော့ ဒိဋ္ဌိကွာရော. . . (မှန်ပါ့ ဘုရား)။

## ဖြစ်တာမြင်ရင် ဥစ္ဆေဒဒိဋ္ဌိမရှိဘူး

ကဲ. . . ဒိဋ္ဌိခွာပြီးသကာလနေတော့ ဒီအထဲမှာ ဖြစ်တာ ပျက်တာကလေးတွေ မြင်လိုက်တော့ ဖြစ်တာမြင်လို့ရှိရင် ဥစ္ဆေဒ ဒိဋ္ဌိမရှိဘူး. . . (မှန်ပါ့)၊ ပျက်တာမြင်ရင်. . . (သဿတဒိဋ္ဌိမရှိပါ ဘုရား)၊ ဒီနှစ်လုံးကို သေသေချာချာမှတ်ပါ ဒကာကြွယ်. . . (မှန်ပါ့)၊ ဖြစ်တာမြင်ရင် ဥစ္ဆေဒဒိဋ္ဌိ ဘယ်မှာရှိတော့မလဲ၊ ခဏခဏ ဖြစ်နေတာ မြင်ကတည်းက ပျက်တယ်ဆိုတဲ့အယူဟာ ယူလို့ရ သေးရဲ့လား. . . (မရပါဘုရား)။

## ပျက်တာမြင်ရင် သဿတစင်တယ်

အဲဒါကြောင့် ဖြစ်တာမြင်ရင် ဘာစင်ပါလိမ့်. . . (ဥစ္ဆေဒ ဒိဋ္ဌိစင်ပါတယ်)၊ ပျက်တာမြင်ရင်. . . (သဿတဒိဋ္ဌိစင်ပါတယ်)၊ ဩော်. . . ဒါဖြင့် ဖြစ်ပျက်ရှုဆိုတာ ဒိဋ္ဌိနှင်ထုတ်နေတာကိုး. . . (မှန်ပါ့ဘုရား)။

ဒါကြောင့် ယားတာကလေးဟာ ဖြစ်ပေါ်လာတာပဲ. . . ယားတာကလေးပျောက်တော့ ပျက်သွားတာပဲ. . . (မှန်ပါ့)၊

ဒါဖြင့် ယားတာကလေးဖြစ်တာ မြင်လို့ရှိရင် ဘာစင်သတုံး. . . (ဥစ္စာဒဒိဋ္ဌိစင်ပါတယ်)၊ ယားတာကလေး ပျောက်ပျက်သွားတာ ဉာဏ်နဲ့မြင်လိုက်ပြန်တော့. . . (သဿတဒိဋ္ဌိစင်ပါတယ်ဘုရား)၊ ခိုင်မြဲတာရှိသေးရဲ့လား. . . (မရှိပါဘုရား)၊ မခိုင်မြဲလို့ ပျောက်သွားတာပေါ့. . . (မှန်ပါ့ဘုရား)။

## ဖြစ်တာပျက်တာမြင်ရင် ဒိဋ္ဌိစင်

အဲဒီတော့ ဒကာ ဒကာမတို့ ဖြစ်တာကိုလည်းမြင်, ပျက်တာကိုလည်း မြင်ရင် ဒိဋ္ဌိကစင်. . . (မှန်ပါ့)၊ ဒိဋ္ဌိစင်သွားတော့မှ ခင်ဗျား တို့ရှေ့ကို ဖြစ်ပျက် ဖြစ်ပျက်ဆိုတာ ဒိဋ္ဌိစင်ပြီးသား ပဲ အားထုတ်နေ တဲ့အခါကျတော့ ဖြစ်ပျက်မုန်း၍ ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်ပေါ် ရမယ် . . . (မှန်ပါ့)၊ ဘာကြောင့်တုံး၊ ရှင်းသင့်တာ ရှင်းပြီးမှ လုပ်တာကိုးဗျ. . . (မှန်ပါ့)၊ ရှင်းသင့်တာ မရှင်းဘဲနဲ့ လုပ်ရင်ရပါ့မလား . . . (မရပါဘုရား)။

ကောင်းပြီး၊ ဒါဖြင့် ဖြစ်ပျက်နှစ်ခုစလုံးကို မြင်လို့ရှိရင်လည်း အန္တဂ္ဂါဟိက ဒိဋ္ဌိတို့ အမရာဝိက္ခေပဒိဋ္ဌိတို့ အကုန်စင်နိုင်ပြီ . . . (မှန်ပါ့)၊ ၆၂-ပါးသော ဒိဋ္ဌိတို့ စင်နိုင်တယ်လို့ မှတ်ကြပါတော့. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒိဋ္ဌိစင်ပြီးမှ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကြိုးကြိုးစားစားလုပ်လိုက်လို့ရှိရင်ဖြင့် ပထမမဂ်ဟာ ဒိဋ္ဌိသတ်တဲ့

မဂ်ဖြစ်လေသောကြောင့် သောတာပတ္တိမဂ်ကို ကေန်ရနိုင်တယ် . . . (မှန်ပါ့)၊ သဘောပါကြပလား. . . (ပါ, ပါပြီဘုရား)။

## ဖြစ်ပျက်မြင်တဲ့ဉာဏ်သည် ဒိဋ္ဌိသတ်တဲ့ဉာဏ်

အဲဒါကြောင့် ဖြစ်ပျက်မြင်တဲ့ဉာဏ်မှတစ်ပါး ကျုပ်တို့မှာ ဒိဋ္ဌိသတ်ပေးတဲ့ဉာဏ်မရှိဘူးဆိုတာ ဦးလှဘူး သေသေချာချာ မှတ်ပါ. . . (မှန်ပါ့ဘုရား)။

ဒါကြောင့် မမြင်သေးတဲ့ပုဂ္ဂိုလ်များက ဒါတော့ ရှုရမှာပဲ၊ မရှုလို့ရှိရင် ကျုပ်တို့မှာ ဗုဒ္ဓဘာသာဝင်ဆိုငြားသော်လည်း ရှိတာပဲ၊ ဥစ္ဆေဒလည်းရှိတာပဲ၊ ငါဆိုတဲ့ သက္ကာယဒိဋ္ဌိကော. . . (ရှိပါတယ်ဘုရား)၊ ဘာမမြင်ကြလို့ပါလိမ့်. . . (ဖြစ်ပျက်မမြင်ကြလို့ပါဘုရား)၊ ဒါဖြင့် ဖြစ်ပျက်မမြင်တာသည် သိပ်ကြောက်စရာကောင်းပါကလား. . . (မှန်ပါ့ဘုရား)။

ဒကာ ဒကာမတို့ ဘယ်ဥစ္စာ ကြောက်စရာကောင်းသတုံး. . . (ဖြစ်ပျက်မမြင်တာ ကြောက်စရာကောင်းပါတယ်ဘုရား)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

**အစေလ ကဿပ**

ကိုင်း. . . ဒါ ဖြေတော့၊ တစ်နေ့က ပြောခဲ့တဲ့ အစေလကဿပကို ပြန်ဆက်ကြည့်တာပေါ့ ဒကာ ဒကာမတို့. . .

(မှန်ပါ့)၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဆွမ်းခံကြွလာတဲ့ အခါကျတော့ အစေလ ကဿပကမေးတယ်၊ ရှင်ကြီးဂေါတမ ဒုက္ခကို မိမိပြုတာလားလို့ မမေးဘူးလား. . . (မေးပါတယ်)၊ ပဋိစ္စသမုပ္ပါဒ် တစ်ခုလုံးဟာ ဒုက္ခသစ္စာမဟုတ်လား. . . (မှန်ပါ့)၊ ဝေဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿဆိုတော့ ဒုက္ခတွေပေါ့ဗျာ. . . (မှန်ပါ့)၊ အဲဒါတွေ သူက မသိတော့ ရှင်ကြီးဂေါတမ. . . ဒုက္ခ မိမိပြုတာ လားလို့မေးတော့ ဘုရားက ဘယ့်နှယ်ဖြေသလဲ. . . (မဟုတ် ပါဘူးတဲ့)။

## အကြောင်းကြောင့်အကျိုးဖြစ်တာ

ဒုက္ခဟာ ဘယ်မှာ မိမိပြုတာ ဟုတ်မလဲ ဒကာ ဒကာမ တို့ သူ့အကြောင်းကြောင့် အကျိုးဖြစ်တာပဲ. . . (မှန်ပါ့)၊ ဖဿ ကြောင့် ဝေဒနာဒုက္ခသစ္စာပေါ်တာပဲ၊ ဝေဒနာ ဒုက္ခသစ္စာချုပ်သွား တော့ တဏှာ ဒုက္ခသစ္စာ. . . (မှန်ပါ့)၊ တဏှာဒုက္ခသစ္စာချုပ်သွား တော့. . . (ဥပါဒါန် ဒုက္ခသစ္စာပေါ်ပါတယ်)၊ အဲဒီတော့ ပဋိစ္စ သမုပ္ပါဒ်အကြောင်းက အကျိုးဖြစ်စေတော့ဆိုတာ မသေချာဘူး လား . . . (သေချာပါတယ်)၊ အကြောင်းချုပ်လို့ရှိရင်လဲ . . . (အကျိုးချုပ်ပါတယ်ဘုရား)၊ ဒုက္ခအကြောင်းချုပ်ရင် ဒုက္ခအကျိုး ချုပ်တာပဲ . . . (မှန်ပါ့)၊ ဒုက္ခအကြောင်းဖြစ်ရင်. . . (ဒုက္ခ အကျိုးဖြစ်ပါတယ်)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

## ခန္ဓာကိုယ်ဟာ ဒုက္ခသစ္စာ

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်တစ်ခုလုံးဆိုတော့ ခန္ဓာကိုယ်တစ်ခုလုံးမှာ ဒုက္ခအကြောင်းနဲ့ ဒုက္ခအကျိုးပဲရှိတယ်. . . (မှန်ပါ့)၊ ဒါဖြင့် ခန္ဓာကိုယ်ဟာ ဘာသစ္စာဖွဲ့ကြမယ်. . . (ဒုက္ခသစ္စာပါဘုရား)၊ ဖြစ်တာလည်းဒုက္ခ, ပျက်တာလည်းဒုက္ခ ဒါနှစ်ခုသာရှုပါ. . . (မှန်ပါ့ဘုရား)။

ခန္ဓာကိုယ်တစ်ခုလုံးမှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလည်း သံခိတ္တေနပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာလို့ ဟောတယ်. . . (မှန်ပါ့)၊ ခန္ဓာကိုယ်တစ်ခုလုံးမှာ အကြောင်းနဲ့ အကျိုးသာရှိတယ်၊ အကြောင်းကလည်းဖြစ်တာပဲ၊ ဖြစ်ဒုက္ခမှတ်လိုက်၊ အကျိုးကလည်း ပျက်တာပဲ၊ ပျက်ဒုက္ခမှတ်လိုက်. . . (မှန်ပါ့)၊ ဒီတော့ခန္ဓာကိုယ် တစ်ကိုယ်လုံးမှာ ဘာသစ္စာရှိသတုံး. . . (ဒုက္ခသစ္စာပဲရှိပါတယ်ဘုရား)။

## ဒုက္ခဘယ်သူလုပ်တာတုံး

အဲဒီတော့ ဒုက္ခ ဘယ်သူလုပ်တာတုံးလို့ မေးတဲ့အခါကျတော့ အကြောင်းကလုပ်တာ. . . (မှန်ပါ့)၊ မိမိကလုပ်တာ ဟုတ်ပါရဲ့လား. . . (မဟုတ်ပါဘုရား)။

အဲဒီလို အစေလ ကဿပကြောင်းအကျိုး မသိတော့ဒုက္ခ မိမိပြုလုပ်တာလားမေးတော့ ဘုရားက ဘယ့်နှယ်ဖြေသတုံး

. . . (မဟုတ်ပါဘူး)၊ ဒကာ ဒကာမတွေဖြေရင် ဘယ့်နှယ်ဖြေကြမလဲ. . . (အကြောင်းကြောင့် အကျိုးဖြစ်တာပါဘုရား)၊ အကြောင်းဒုက္ခကြောင့် သို့မဟုတ် သမုဒယကြောင့် အကျိုးဒုက္ခဖြစ်တာဗျ. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## ဒုက္ခကို သူတစ်ပါးလုပ်တာလား

သူ ဆက်ပြီးမေးပြန်တယ်၊ ဒုက္ခကို သူတစ်ပါးလုပ်တာလားလို့မေးတော့ ဘုရားက ဘယ့်နှယ်ဖြေသတုံး. . . (မဟုတ်ပါဘူး)၊ ခင်ဗျားတို့က ဖြေရင် ဘယ့်နှယ်ဖြေကြမလဲ. . . (အကြောင်းကြောင့် အကျိုးဒုက္ခ ဖြစ်တာပါဘုရား)၊ အကြောင်းသမုဒယရှိလို့ အကျိုးဒုက္ခပေါ်တာပဲ၊ သူတစ်ပါးမလုပ်ပါဘူး. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊ ပဋိစ္စသမုပ္ပါဒ်အတိုင်းဖြစ်တာပေါ့. . . (မှန်ပါ)။

'ဒါနဲ့ သူမကျေနပ်တာနဲ့ မေးပြန်တယ်၊ ဒုက္ခကို မိမိ၊ သူတစ်ပါး နှစ်ဦးလုပ်တာလားလို့ မေးပြန်တော့ ပထမ သဿတဒိဋ္ဌိနဲ့မေးတယ်၊ ဒုတိယဥစ္ဆေဒဒိဋ္ဌိနဲ့ မေးတယ်. . . (၃) နံပါတ် မိမိ သူတစ်ပါး နှစ်ဦးသား လုပ်တာလားဆိုတော့ သဿတဥစ္ဆေဒရောပြီး မေးတယ်. . . (မှန်ပါ)။

အဲ. . . ဒုက္ခကို မိမိ သူတစ်ပါး နှစ်ဦးသားလုပ်တာလားဆိုတော့ ဒီဒကာ ဒကာမတွေ ဘယ့်နှယ်ဖြေကြမလဲ. . . (မဟုတ်

ပါဘုရား)၊ ဘယ်လိုဖြစ်တာပါလိမ့်၊ ဒါဖြင့်. . . (အကြောင်းကြောင့် အကျိုးဖြစ်တာပါဘုရား)၊ အကြောင်းဖြစ်လို့ အကျိုးဖြစ်၊ အကြောင်းချုပ်လို့ အကျိုးချုပ်. . . (မှန်ပါ့)၊ ခန္ဓာကိုယ်ထဲမှာ အကြောင်းအကျိုးသာရှိတယ်ဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

## ဒုက္ခဟာအလိုလိုဖြစ်တာလား

ဒါနဲ့ အစေလ ကဿပက မကျေနပ်သေးတာနဲ့ ဒုက္ခအလိုလိုဖြစ်တာလားလို့ မေးလိုက်တော့ ဘုရားက ဘယ်နှယ်ဖြေသတုံး. . . (မဟုတ်ပါဘူး)၊ ခင်ဗျားတို့က ဘယ့်နှယ်ဖြေပါ့မလဲ. . . (အကြောင်းကြောင့် အကျိုးဖြစ်တာ)၊ အကြောင်းဖြစ်လို့. . . (အကျိုးဖြစ်ပါတယ်)၊ အကြောင်းချုပ်လို့. . . (အကျိုးချုပ်ပါတယ်)၊ အလိုလိုဟုတ်ကဲ့လား . . . (မဟုတ်ပါဘုရား)။

## အယောတုက ဒိဋ္ဌိနဲ့မေးလိုက်တယ်

အဲဒီလိုဆိုရင် ဒိဋ္ဌိပြုတ်ပြီး သိထားတာ. . . (မှန်ပါ့)၊ အစေလ ကဿပက ဒုက္ခအလိုလို ဖြစ်တာလားလို့မေးတော့ အယောတုက ဒိဋ္ဌိနဲ့မေးလိုက်တယ်. . . (မှန်ပါ့)။

ကဲ့. . . ဒါဖြင့် ရှင်ကြီးဂေါတမ မဟုတ်ဘူးချည့် ဖြေနေတာ လေးချက်ရှိသွားပြီတဲ့. . . (မှန်ပါ့)၊ ဒါကို တိုတိုပဲပြောသွားခဲ့

တာနော်၊ အရင် သုံးညဟောပြီးသားဖြစ်နေလို့. . . (မှန်ပါ)၊ ဒါနဲ့ ရှင်ကြီးဂေါတမ ဒုက္ခမရှိဘူးလားလို့မေးတော့ ဘုရားက ဘယ့်နှယ်ဖြေသတုံး. . . (ရှိပါတယ်တဲ့)။

## အရှင်ဘုရား ဒုက္ခကိုမသိဘူးလား

သူက ခန္ဓာကိုယ်ကို ဒုက္ခသစ္စာလို့သိရဲ့လား. . . (မသိပါဘုရား)၊ ဒုက္ခကို မသိဘူးလားလို့ မေးလိုက်တော့ ဘုရားက ဘယ်နှယ်ဖြေသတုံး. . . (သိပါတယ်တဲ့)၊ ခန္ဓာကိုယ်ထဲ ပေါ်လာတာ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါ)၊ အဲ. . . ခင်ဗျားတို့ ဒုက္ခရှိနေတယ်ဆိုတာ သိနေကတည်းကိုကလည်း အဟောတုကဒိဋ္ဌိကလည်း လွတ်သွားပြီး. . . (မှန်ပါ)၊ ခြောက်ချက်မြောက် မေးပြန်တယ်၊ ဒုက္ခ ရှင်ကြီးဂေါတမ မသိဘူးလားလို့ဆိုတော့ ဘုရားက ဘယ့်နှယ်ဖြေသတုံး. . . (သိပါတယ်တဲ့)။

နို့. . . ခင်ဗျားတို့ ခန္ဓာကိုယ်ထဲ ဘာပေါ်လာလာ ဘယ့်နှယ်ဆိုကြမလဲ. . . (ဒုက္ခချည့်ပါပဲဘုရား)၊ ပေါ်တာလည်း ဒုက္ခသစ္စာ ၊ပျက်တာလည်း ဒုက္ခသစ္စာမှတစ်ပါး တခြားတစ်ပါးသိစရာရှိသေးရဲ့ လား. . . (မရှိပါဘုရား)၊ ခင်ဗျားတို့ ဒိဋ္ဌိအကြောင်းနားလည် တော့ ဒကာသစ် ခြောက်ချက်စလုံး ဘုရားဟောရင်းအဓိပ္ပါယ် ကို ဆရာဘုန်းကြီးပြလို့ သိရပြီ. . . (မှန်ပါ့ဘုရား)။

## ပဋိစ္စသမုပ္ပါဒ်ကြောင့်ဖြစ်တာ

အစေလ ကဿကဟာ တပည့်တော်မေးလာတာ ခြောက်ချက်ရှိသွားပြီတဲ့. . . (မှန်ပါ့)၊ ဒုက္ခ မိမိပြုတာလားဆို တော့ မိမိပြုရင် မိမိခံဆိုတဲ့ သဿတဒိဋ္ဌိပါနေတယ်. . . (မှန်ပါ့)၊ ဒုက္ခသူတစ်ပါးပြုတာလားဆိုတော့ ပြုတဲ့လူက တခြား, ခံတဲ့လူက တခြား ဖြစ်နေတယ်. . . (မှန်ပါ့)၊ ဒီကျတော့လည်း ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ပြန်တယ်နော်. . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အစေလ ကဿပဒုက္ခကို မိမိပြုတာလည်း မဟုတ်ဘူး၊ သူတစ်ပါးပြုတာ လည်း မဟုတ်ဘူး၊ မိမိ သူတစ်ပါးနှစ်ဦးသားပြုတာလည်း မဟုတ်ဘူး၊ အလိုလိုဖြစ်တာလည်း မဟုတ်ဘူး၊ ပဋိစ္စသမုပ္ပါဒ် ကြောင့် ဖြစ်တာဆိုတော့ မရှင်းသေးဘူးလား . . . (ရှင်းပါပြီ ဘုရား)၊ အကြောင်းဖြစ်လို့ အကျိုးဖြစ်ရတယ်၊ အကြောင်းချုပ် လို့. . . (အကျိုးချုပ်ပါတယ်ဘုရား)။

## ပျက်လိုက်အစားထိုးလိုက်

ဒကာ ဒကာမတွေ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးထဲမှာ ယောက်ျားတွေလား, မိန်းမတွေလားလို့ မေးလိုက်လို့ရှိရင် အကြောင်းနဲ့ အကျိုးပါပဲဘုရား၊ သဘောကျပလား. . . (ကျပါပြီ ဘုရား)၊ အကြောင်းနဲ့ အကျိုးအပြင် ဘာရှိသေးသတုံး. . . (ဘာ

မှမရှိပါဘုရား)၊ အကြောင်းဖြစ်လို့ အကျိုးဖြစ်နေကြတာပဲ၊ အကြောင်းချုပ်လို့ အကျိုးချုပ်နေကြတာပဲ၊ ဒါတွေသာ ခဏ ခဏလဲပြီး ခဏခဏဖောက်ပြန်ပျက်စီး၊ ပျက်လိုက် အစားထိုး လိုက်၊ ပျက်လိုက်အစားထိုးလိုက် ဒီလိုပဲမနေဘူးလား. . . (နေပါ တယ်ဘုရား)။

အဲဒီ ပျက်လိုက်အစားထိုးလိုက်ဆိုတာ ပျက်တာလည်း ဒုက္ခသစ္စာ၊ အစားထိုးတာလည်း ဒုက္ခသစ္စာ. . . (မှန်ပါ့)၊ ဒါကြောင့် ဘုန်းကြီးက ခဏခဏဟောတယ်၊ ပျက်တာက ဒုက္ခသစ္စာ၊ အစားထိုးတာက ဒုက္ခရောက်မှာ. . . (မှန်ပါ့)။

ပျက်တာက. . . (ဒုက္ခသစ္စာ)၊ အစားထိုးတာက. . . (ဒုက္ခရောက်မှာပါဘုရား)၊ အဲ. . . အစားထိုးတာကလေး ပျက် သွားပြန်တော့ သူ့ကို ဘယ့်နှယ်နာမည်ပေးကြမလဲ. . . (ဒုက္ခ သစ္စာပါ)၊ နောက်အစားထိုးတာက. . . (ဒုက္ခရောက်မှာပါ ဘုရား)၊ အဲဒီ ဒုက္ခရောက်မှာကလေးပျက်သွားတော့ သူ့ကို ဘယ့်နှယ်စွဲချက်တင်မလဲ. . . (ဒုက္ခသစ္စာပါ)၊ နောက်တစ်ခါ အစားထိုးပြန်တာ ဘယ့်နှယ်ဆိုကြမလဲ. . . (ဒုက္ခရောက်မှာ ပါဘုရား)။

## နောက်တုန်းကဘာများဖြစ်ခဲ့သတုံး

ဩော်. . . ဒကာ ဒကာမတို့၏ ခန္ဓာကိုယ်ထဲမှာဖြင့်

သုခ ကြားညှပ်ပါသလား. . . (မပါ, ပါဘုရား)၊ ဒုက္ခသစ္စာနဲ့ ဒုက္ခရောက်မှာသာဆက်နေတယ်. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် တစ်သံသရာလုံး တပည့်တော်တို့ဘုရား, ဘယ်လို များနေခဲ့ရပါလိမ့်မတုံးဆိုတော့ ရှေ့ကပျက်၊ နောက်ကအစားထိုး ဆိုတော့ အပျက်ဟာ ဒုက္ခသစ္စာ, အစားထိုးတာ ဒုက္ခရောက်မှာ . . . (မှန်ပါ့)၊ ဒုက္ခရောက်မှာသာဆိုရတယ်၊ တော်တော်ကြာ သူ ဒုက္ခသစ္စာပဲဖြစ်မှာပဲ. . . (မှန်ပါ့ဘုရား)။

တပည့်တော်တို့ နောက်တုန်းက နတ်များဖြစ်ခဲ့သလား၊ သိကြားများဖြစ်ခဲ့သလား၊ စကြဝတေးမန္တာတ်များဖြစ်ခဲ့သလား ဆိုတော့ အဲဒါကတော့ မသေချာဘူး၊ ဒုက္ခသစ္စာနဲ့ ဒုက္ခရောက် မှာ လှည့်နေတာကတော့ သေချာတယ်. . . (မှန်ပါ့) ပျက်သွား တာက. . . (ဒုက္ခသစ္စာပါ)၊ အစားထိုးတာက. . . (ဒုက္ခရောက် မှာပါဘုရား)။

## ပျက်ဒုက္ခနဲ့ဖြစ်ဒုက္ခပဲရှိတယ်

ဩော်. . . တစ်သံသရာလုံး တပည့်တော်တို့ ဘယ်လို များ နေခဲ့ရပါလိမ့်မတုံးဆိုလို့ရှိရင် ပျက်ဒုက္ခနဲ့ ဖြစ်ဒုက္ခနဲ့ပဲ အချိန် ကုန်ခဲ့ရပါတယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ ဘုရား)၊ ဒီဟာတွေများ ရပ်သွားမယ့် ဒုက္ခလည်း မလာတော့ဘူး ဘုရား့၊ ဖြစ်ဒုက္ခလည်း မလာတော့ဘူးဘုရား့ဆိုရင် ဒီပုဂ္ဂိုလ်ချုပ် သွားပြီ. . . (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ. . . (ဒုက္ခချုပ်ပါပြီဘုရား)၊ ပျက်ဒုက္ခလည်း သူ့ဉာဏ်နဲ့ရှုလို့ မမြင်တော့ပါဘူး၊ ဖြစ်ဒုက္ခလည်း ဉာဏ်ထဲမှာ မပေါ်လာတော့ပါဘူးဆိုတော့ ဒီယောဂီပုဂ္ဂိုလ် ဘယ့်နှယ်ဆိုပါ့မယ်. . . (ဒုက္ခချုပ်သွားပါတယ်ဘုရား)၊ အဲဒီရောက်အောင် အားထုတ်မှ နိဗ္ဗာန်လို့ဆိုတာ သဘောကျပလား. . . (ကျပါပြီ)၊ ဒါဖြင့် နိဗ္ဗာန်ရောက်ချင်ရင် ဖြစ်ဒုက္ခ, ပျက်ဒုက္ခကိုပဲ ဖြိုင်ဖြိုင်ရှုပါ. . . (မှန်ပါ့)။

## ရှုပါများရင် မုန်းလာတယ်

ဖြစ်ဒုက္ခကို ဖြိုင်ဖြိုင်ရှုလိုက်လို့ရှိရင် ရှေးဦးစွာ ဒီဒုက္ခကြီးကို မြင်ပါလိမ့်မယ်, ယထာဘူတဉာဏ်နဲ့. . . (မှန်ပါ့)၊ မြင်ပြီးသည် အခြားမဲ့၌ ရှုပါများရင် ဒီဒုက္ခကြီးကို ဒကာသစ်တို့ မုန်းလာမှာပဲ. . . (မှန်ပါ့)၊ မုန်းတဲ့အချိန် ဒီဒုက္ခကြီးပဲ ဆုံးခန်းတိုင်တိုင် မကြိုက်ပေဘူးလား၊ ကြိုက်မလား. . . (ကြိုက်ပါတယ်ဘုရား)။

ဆုံးခန်းတိုင်အောင် ကြိုက်တဲ့အခါကျတော့ ခင်ဗျားတို့ သန္တာန် တဏှာမရှိလို့ ဆုံးခန်းတိုင်အောင် ကြိုက်တာပေါ့. . . (မှန်ပါ့)၊ ဉာဏ်နဲ့ကြိုက်သွားတာကိုးဗျ. . . (မှန်ပါ့)၊ အဲဒီလို ဖျတ်ခနဲမြင်တယ်ဆိုရင် ဖြစ်ဒုက္ခ,ပျက်ဒုက္ခလာပါဦးမလား. . . (မလာပါဘုရား)။

## နိရောဓနဲ့မဂ္ဂသစ္စာ

ဒါဖြင့် ဖြစ်ဒုက္ခ,ပျက်ဒုက္ခဆုံးတာ ဘာသစ္စာ. . . (နိရောဓသစ္စာပါ)၊ ဆုံးတာမြင်တာက. . . (မဂ္ဂသစ္စာပါ)၊ ဆုံးချင်လို့ဆုံးတာလား၊ ခင်တွယ်တဲ့ တဏှာသေလို့လား. . . (ခင်တွယ်တဲ့ တဏှာသေလို့ပါဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ ဖြစ်ဒုက္ခ,ပျက်ဒုက္ခ အဆုံးမြင်တဲ့ ဉာဏ်လာရင် သမုဒယသစ္စာလည်းချုပ်တာပဲ . . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ဖြစ်ဒုက္ခ, ပျက်ဒုက္ခရှိတုန်းက ဒုက္ခသစ္စာချုပ်သွားတော့. . . (နိရောဓသစ္စာပါ)၊ မြင်တာက. . . (မဂ္ဂသစ္စာပါ)၊ ချုပ်ချင်လို့ ချုပ်ရတာလား၊ နောက်ဒီဠှိတဏှာသေလို့လား. . . (ဒိဋ္ဌိတဏှာသေလို့ပါဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ ဖြစ်ဒုက္ခ, ပျက်ဒုက္ခအဆုံးမြင်တဲ့ဉာဏ်လာရင် သမုဒယသစ္စာလည်း ချုပ်တာပဲ . . . (မှန်ပါ့ဘုရား)။

## ဒိဋ္ဌိတဏှာသေတာ သမုဒယသေတာ

ဒါဖြင့် ဖြစ်ဒုက္ခ, ပျက်ဒုက္ခရှိတုန်းက ဒုက္ခသစ္စာချုပ်သွားတော့. . . (နိရောဓသစ္စာပါ)၊ မြင်တာက. . . (မဂ္ဂသစ္စာပါ)၊ ချုပ်ချင်လို့ ချုပ်ရတာလား)၊ နောက်က ဒိဋ္ဌိတဏှာသေလို့လား. . . (ဒိဋ္ဌိတဏှာသေလို့ပါဘုရား)၊ အဲဒီ ဒိဋ္ဌိတဏှာသေတာက

သမုဒယသေတာလို့ မှတ်လိုက်ပါ. . . (မှန်ပါ့)၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အစေလ ကဿပကို မင်းဒိဋ္ဌိပြုတ်ချင်လို့ရှိရင် ပဋိစ္စသမုပ္ပါဒ် ဖြစ်ဒုက္ခ, ပျက်ဒုက္ခကို မြင်အောင်ကြည့်ကွတဲ့. . . (မှန်ပါ့)၊ ဒီတော့ အစေလ ကဿပကကြည့်ပါတယ်၊ ကြည့်တော့ ဖြစ်ဒုက္ခ, ပျက်ဒုက္ခတွေ မြင်တာပေါ့ဗျ. . . (မှန်ပါ့)၊ မြင်တော့ သူ့စိတ်ထဲမှာ အဆုံးတော့ မရောက်သေးတော့ အရှင်ဘုရား သာသနာ့ဘောင်ဝင်ပါရစေ လုပ်လာတယ်. . . (မှန်ပါ့)။

## အစေလ ကဿပ ရဟန္တာဖြစ်တယ်

ကဲ. . တိတ္ထိထဲက သာသနာ့ဘောင်ဝင်လို့ရှိရင် လေးလလောက်ကွာ ပရိဝတ်စောင့်ရလိမ့်ဦးမယ်၊ ဝတ် မစောင့်ပါနဲ့တော့ အစေလ ကဿပကို ရဟန်းခံပေးလိုက်ဆိုပြီး ရဟန်းခံပြီးတော့ ပဋိစ္စသမုပ္ပါဒ်ကြီးကို ဖြစ်တာလည်းကြည့်၊ ပျက်တာလည်းကြည့်၊ ခန္ဓပဋိစ္စသမုပ္ပါဒ်ကြီး ကြည့်ရင်းနဲ့ လုံ့လဝီရိယမလျှော့ဘဲနဲ့ ဒကာသစ် လျှောက်ကြည့်သွားလိုက်တာ နောက်တော့ ရဟန္တာ ဖြစ်တာပဲ. . . (မှန်ပါ့)၊ ဖြစ်ဒုက္ခ, ပျက်ဒုက္ခ ဆုံးသွားတယ် . . . (မှန်ပါ့ဘုရား)။

ဒါကြောင့် ဖြစ်ဒုက္ခ, ပျက်ဒုက္ခမြင်ရင် ဘာဉာဏ်ခေါ်မယ် . . . (ယထာဘူတဉာဏ်ပါ)၊ မုန်းလာရင် . . . (နိဗ္ဗိန္ဒဉာဏ်ပါ)၊ ဖြစ်ဒုက္ခ, ပျက်ဒုက္ခအဆုံးကိုမြင်ရင် . . . (မဂ်ဉာဏ်ပါ)၊ အဲဒီ မဂ်ဉာဏ်လေးဆင့်ရသည့်တိုင်အောင် ဒိဋ္ဌိဖြုတ်ပြီး ဝိပဿနာရှု လိုက်တာနဲ့ အစေလ ကဿပ ရဟန္တာဖြစ်ပြီး ရဟန္တာစာရင်းဝင် သွားတယ်ဆိုတာ ဒီဝတ္ထုမှာ သေသေချာချာဟောတယ် . . . (မှန်ပါ့)၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ (၁) နံပါတ်က ဖြစ်ပျက်မြင် အောင်ကြည့် . . . (မှန်ပါ့)၊ (၂)နံပါတ်က (ဖြစ်ပျက်မုန်း အောင်ကြည့်ရပါမယ်ဘုရား)၊ (၃)နံပါတ်က (ဖြစ်ပျက်ဆုံး အောင်ကြည့်ရပါမယ်ဘုရား)။

ဆုံးအောင်ကြည့် တစ်ခါဆုံးရင်သောတာပန်၊ နှစ်ခါဆုံး ရင် သကဒါဂါမ် နောက်ထပ်ရှုလို့ သုံးခါဆုံးသွားရင် (အနာဂါမ်)၊ နောက်ထပ်ရှုလို့ လေးခါဆုံးသွားရင် (ရဟန္တာပါဘုရား)၊ အဲဒီလို ဆုံးအောင် လိုက်နေလို့ရှိရင်၊ အစရှိလို့ အဆုံးရှိတယ်ဆိုတာ သေသေချာချာမှတ်။

## ဆုတောင်းနေလို့မဖြစ်ဘူး

အစမတွေ့ရင် ဒကာသစ် . . . (အဆုံးမတွေ့ပါဘုရား)။

ဒါဖြင့် ခန္ဓာဖြစ်ပျက်မှ မသိလို့ရှိရင် ခန္ဓာဖြစ်ပျက်၊ အဆုံး

ဖြစ်တဲ့ နိဗ္ဗာန်ကို ဘယ်လိုရောက်ပါ့မတုံး. . . (မရောက်နိုင်ပါ ဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)။

ဒါဖြင့် အဆုံးကျအောင် လိုက်လည်းလိုက်ကြပါ၊ လိုက်နိုင်ပါစေ ဆုတောင်းနေလို့ မဖြစ်ဘူး. . . (မှန်ပါ့)၊ လိုက်မှဆုံးမယ်ဆိုတာ သဘောကျပလား. . . (ကျပါပြီဘုရား)။

**ကဲ ယနေ့ ဒီတွင်တော်ကြဦးစို့. . . ။**

**သာဓု. . . သာဓု. . . သာဓု. . . ။**